ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ ဘိုကုန်းရပ်၊ ဇေယျာသိဒ္ဓိကျောင်း
ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်တော်မူသော

မဟာသွံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီးအား
နေ့စဉ် ရွတ်ဖတ် ပူဇော်အပ်သော
သုတ္တန္တ ပိဋက၊ ဥဒါန ပါဠိတော်လာ

## ဗုဒ္ဓါဘိသေက အနေကဇာတင် ဂါထာများ
## ပါဠိအနက်ပြန် နှင့်

# မဟာသွံ့ဃာရရုပ်ရှင်တော်မြတ်
# သမိုင်းအကျဉ်းချုပ်

၁၂
ရ

## အရှင်ကုမာရ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ၊ ပထမကျော် ၊ ဓမ္မာစရိယ ၊ B.Sc. (Maths;)
ဇေယျာသိဒ္ဓိ (မဟာသွံ့ဃာရဘုရား) ကျောင်း ၊ အင်းစိန်
စီစဉ်ရေးသားပူဇော်သည်

၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
(၂၈ - ၁၀ - ၂၀၁၅)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့ ဘိုကုန်းရပ်၊ ဇေယျာသိဒ္ဓိကျောင်း
ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်တော်မူသော

# မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီးအား
# နေ့စဉ် ရွတ်ဖတ် ပူဇော်အပ်သော
# သုတ္တန္တ ပိဋက၊ ဥဒါန ပါဠိတော်လာ

## ဗုဒ္ဓါဘိသေက အနေကဇာတင် ဂါထာများ
## ပါဠိအနက်ပြန် နှင့်
# မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ် သမိုင်းအကျဉ်းချုပ်


## အရှင်ကုမာရ
{အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc. (Maths;)}
ဇေယျာသိဒ္ဓိ (မဟာသံ့ဃာရဘုရား) ကျောင်း၊ အင်းစိန်


**စီစဉ်ရေးသားပူဇော်သည်**


၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
(၂၈ - ၁၀ - ၂၀၁၅)



ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်၊ ဇေယျသိဒ္ဓိကျောင်း၊ ဂန္ဓကုဋိကိုက်၌ ကိန်းဝပ်စံပါယ်တော်မူသော

မဟာသွံ့ဿာရရုပ်ရှင်တော်မြတ်ကြီး



မဟာသွဲ့ဿာရုပ်ရှင်တော်မြတ်ကြီး

၁၉၈၂-ခုနှစ်က ဇေယျသိဒ္ဓိကျောင်းတိုက်၌ ပြုံးတော်မူပုံ



မဟာသွံ့ဃာရရုပ်ရှင်တော်မြတ်ကြီး

၁၉၇၅-ခုနှစ်က နတ်မောက်မြို့၌အပူဇော်ခံစဉ် ပြုံးတော်မူပုံ



မဟာသွဲ့ဿာရုပ်ရှင်တော်မြတ်ကြီး

၁၉၇၉-ခုနှစ်က ဝေယျာသိဒ္ဓိကျောင်းတိုက်၌ ပြူးတော်မူပုံ



မဟာသံ့ဃာရုပ်ရှင်တော်မြတ်ကြီး
၁၉၉၁-ခုနှစ်က ဇေယျသိဒ္ဓိကျောင်းတိုက်၌ ပြုံးတော်မူပုံ



မဟာသုခံသာရရုပ်ရှင်တော်မြတ်ကြီး
ဦးဇော်မြင့်+ဒေါ်စန်းစန်းဝေ ( ပြည့်ဖြိုးအောင်ဘက်ထရီ ) နေအိမ်၌
ကိုယ်ပွားတော်ပုံရိပ်ဖြင့် အပူဇော်ခံစဉ်



ဆရာတော်အရှင်ကုမာရ နတ်မောက်မြို့နယ်၊ ပင်းမြို့
သပြေညီနောင်ပင်ခြေရင်း၌ သီတင်းသုံးတော်မူစဉ်



ဆရာတော်အရှင်ကုမာရ သာသနာပြုခရီးစဉ်အဖြစ်

၂၀၁၀-ခုနှစ် မေလအတွင်း တရုတ်(ထိုင်ပေ)နိုင်ငံ ၊ ရန်မေစန်းတောင်တန်းသို့

ကြွရောက်ခဲ့စဉ်

# နိဒါန်း

ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ဘုရားအဖြစ်သို့ ရောက်လျှင်ရောက်ခြင်း ရင်တွင်း၌ မျိုသိပ်မထားနိုင်လောက်အောင် ခံစားသိမြင်တော်မူသော ဝမ်းမြောက်ဝမ်းသာစကားတို့ကို ရွှေနှုတ်တော်မှ တစ်ပါးတည်း ထုတ်ဖော် ကျူးရင့်တော်မူလေသည်။ ဤ ဥဒါန်းစကားတော်တို့သည် ဘုရားအဖြစ်သို့ ရောက်ရှိခြင်း၏ ခိုင်မာထင်ရှားသော 'အထိမ်းအမှတ်' များပင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် သာမန်ရုပ်တုတစ်ခုအဖြစ်မှ ဘုရားသခင်အဖြစ် အဆင့်မြှင့် ကိုးကွယ်ချင်သောအခါ ဘုရားဖြစ်ကြောင်း အထိမ်းအမှတ် ဥဒါန်းစကားများဖြင့် ဆင်းတုတော်များကို အဘိသိက်မြှောက် မြှင့်တင်ပေးကြရသည်။ ဤကဲ့သို့ ဘုရားအဖြစ် အဘိသိက် မြှောက်တင်ခြင်းကို 'ဗုဒ္ဓါဘိသေက အနေကဇာတင်' ဟု ခေါ်ကြသည်။

အနေကဇာတင်နည်း အမျိုးမျိုးရှိကြသည်။ ဤစာအုပ်ပါ တင်နည်းသည် 'ဥဒါန ပါဠိတော်' ၌ လာသောနည်းပင်ဖြစ်သည်။ သို့သော် လမ်းဟောင်းရိုးတွင် ချဲ့ကာ ထွင်ထားသည်။ ဘုရားအဖြစ်သို့ ရောက်ရှိလျှင် ရောက်ရှိခြင်း ဗုဒ္ဓ၌ ကိုးပါးသော ဂုဏ်တော်ဓာတ်တို့ ကိန်းဝပ်တော်မူလေသည်။ ကိုးကွယ်သူများသည် ဗုဒ္ဓ၏ ထိုဂုဏ်တော်တို့ကို အထူးအာရုံ ပြုသင့်ကြသည်။ ထို့အပြင် ဘုရား အဖြစ် တင်မြှောက်ခြင်းခံရသော ဆင်းတုတော်တွင်လည်း ထိုဂုဏ်တော်

ဓာတ်တို့ ကိန်းဝပ်တည်ရှိ သင့်လှသည်။ ထို့ကြောင့် အနေကဇာတင်၏ အဆုံးတွင် 'တံခါး ပန' ပါဠိ အနက်နှင့် ဂုဏ်တော်ကို ကိုးကြိမ်တိတိ ရွတ်ဖတ် ပူဇော် ပွားထုံထားသည်။

ဂုဏ်တော်ဖြင့် ပူဇော်ပွားထုံသောအခါ လူဒါယကာ, ဒါယိကာမများကိုလည်း သံဃာတော်များနှင့်အတူ လိုက်ပါရွတ်ဖတ်ပူဇော်ပွားထုံစေပါသည်။ ကိုယ်တိုင်လိုက်ပါ ရွတ်ဖတ် ပွားထုံကြရသဖြင့် သဒ္ဓါတရား ပိုမို ဖြစ်ပွားကြသည်။ ဂုဏ်တော် မရသေးသူ၊ မပွားများဖူးသေး သူများလည်း ရရှိပွားများနိုင်ကြသည်။ ဂုဏ်တော်ကြောင့် ထူးခြားသော ပီတိကိုလည်း ရရှိခံစားကြရသည်။ တစ်ဖန် ဂုဏ်တော်ဖြင့် ပူဇော်မှု ငါးခေါက်အရောက်တွင် မသိသေးသူ၊ ငယ်ရွယ်သူများ သိရှိကြည်ညိုနိုင်အောင်၊ သိပြီးသူများ ပို၍ကြည်ညို သဒ္ဓါပွားအောင် ဗုဒ္ဓဝင်အကျဉ်းချုပ် မာရ်နတ်အောင်ခန်းနှင့် အရဟံ ဂုဏ်တော်ကို ဖွင့်ဆို သရုပ်ဖော်ထားသည်။ ထို့နောက် ဆက်လက်၍ ကိုးခေါက်ပြည့်အောင် 'တံ ခါပန' စသောပါဠိအနက်ကို ဆရာတော်က ကျူးရင့်၍ သံဃာတော်များနှင့် ဘုရားဒကာ၊ ဒကာမများက 'ဣတိပိသော'ဂုဏ်တော်ကို ပွားထုံကြသည်။ သစ္စာပြု ဆုတောင်းဖြင့် အနေကဇာတင်ကို အဆုံး သတ်ထားသည်။ အနေကဇာ တင်ရာတွင် အဓိပ္ပာယ်သိသိ၊ လေးလေးနက်နက်ရှိ၍ သဒ္ဓါပွားဝမ်းမြောက်အောင် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်လေသည်။

လူအများ၏ စိတ်ဓာတ်များ စုဝေးမိသောအရာတွင် တန်ခိုး ပါဝါသည် အလိုလိုပြီးမြောက် ပြည့်စုံလာတတ်သည်။ ရပ်ရှင်တော် မြတ်ကြီးသည်ရဟန်းရှင်လူ ပြည်သူအများတို့၏စိတ်ဓာတ်အာရုံများ စုဝေးမိလာ၍ ဂုဏ်တော်မြတ်တို့ဖြင့် နေ့စဉ်အထပ်ထပ် ထုံမွမ်း ပူဇော်ခြင်း ခံရသောကြောင့် တန်ခိုးတ္တန္ဓိ ရှိရောက်၍ အကျိုးသိဒ္ဓိ ပြီးမြောက်စေနိုင်ခဲ့သည်။ ထို့ကြောင့် နေ့စဉ်နေ့စဉ် အနေကဇာတင် ပေးနိုင်က မိမိတို့ ကိုးကွယ်လျက်ရှိသော ဆင်းတုတော်များပင် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ လာဘ်သပ္ပကာတို့နှင့် ပြည့်စုံနိုင်ပါကြောင်း တိုက်တွန်းရင်း-

## အနေကဇာတင်ရာ၌ လိုအပ်သော ပစ္စည်းများ

(၁) တံခွန်၊ ကုက္ကား၊ မုလေးပွား

(၂) အောင်သပြေ

(၃) အမွှေးနံ့သာ

(၄) ငွေဖလားနှင့် ပန်း၊ ပေါက်ပေါက်၊ ငွေအကြွေများ ပြင်ဆင် ထားရမည်။ သံဃာတော်အပါး အရေအတွက်ကို လိုက်၍ တံခွန်၊ ကုက္ကား၊ အောင်သပြေတို့ကို ပြုလုပ်ရမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော -

ပထမအကြိမ် – ဦးဇော်စိန်ဝင်း + ဒေါ်ဝင်းကြည် မိသားစု နှင့်
ဦးကုမာရလေး (ဓောဝိ)

ဒုတိယအကြိမ် – ဦးတိုးအောင်ချို + ဒေါ်မော်မော်လွင် မိသားစု

တတိယအကြိမ် – တရေးဆရာ ဦးမောင်မောင်ဇင် +
ဒေါ်ယဉ်ယဉ်အေး မိသားစု

စတုတ္ထအကြိမ်
ပဉ္စမအကြိမ် } – ဦးဇော်စိန်ဝင်း + ဒေါ်ဝင်းကြည် မိသားစု

ဆဋ္ဌမအကြိမ် – ဦးငယ် + ဒေါ်ဘောဘိ မိသားစု

သတ္တမအကြိမ် – ဦးအောင်သန်းဝင်း + ဒေါ်နီနီမာ မိသားစု

အဋ္ဌမအကြိမ်
နဝမအကြိမ် } – ဦးတိုးအောင်ချို + ဒေါ်မော်မော်လွင် မိသားစု

ဒသမအကြိမ် – ဒုတိယ ဗိုလ်မှူးကြီး တင်ရှိန်၊ ဇနီး ဒေါ်အေးမွန်ရှိန်၊
သမီးများ - မခိုင်ဇာတင်ရှိန်၊ သန္တာတင်ရှိန်၊
ဝတ်ရည်တင်ရှိန် မိသားစု

ဧကဒသမအကြိမ် – ဦးမောင်မောင်ဇင် + ဒေါ်ယဉ်ယဉ်အေး
သမီး – မောင်သက်နိုင်ကျော် + မယဉ်လှိုင်ဇင်
သား – မောင်ရဲဝင့်ဇင် မိသားစု၊ အင်းစိန်မြို့

တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ကုမာရ

## မာတိကာ


(၁) နမော တဿ မဟာပဏာမ (သုံးခေါက်) ၁၀

(၂) အနေကဇာတိ သံသာရ ဂါထာ (သုံးခေါက်) ၁၀

(၃) ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိ ၁၀

(၄) ပထမ ယဒါဟဝေ ဥဒါန်းဂါထာတော် ၁၁

(၅) ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ပါဠိ ၁၁

(၆) ဒုတိယ ယဒါဟဝေ ဥဒါန်းဂါထာတော် ၁၂

(၇) ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမ ပါဠိ ၁၂

(၈) တတိယ ယဒါဟဝေ ဥဒါန်းဂါထာတော် ၁၃

(၉) ပစ္စယုဒ္ဒေသ ပါဠိ ၁၃

(၁၀) ဇယန္တော စသော အဘိတ္ထဝ ပတ္ထနာ ဂါထာများ ၁၃

(၁၁) ယင်း၌ 'တေ အတ္ထလဒ္ဓါ' စသော လေးပါဒ
(သုံးခေါက်) ၁၄

(၁၂) တံခါပန ဥဒါန်းစကားတော် ပါဠိအနက်
(တစ်ခေါက်) ၁၄

(၁၃) ဘုရားဂုဏ်တော်ပါဠိ (တစ်ခေါက်)
ယင်း ၂-မျိုး (ငါးခေါက်) ၁၅

(၁၄) ဗုဒ္ဓဖြစ်စဉ် အကျဉ်းချုပ် သရုပ်ဖော် စကားပြေ ၁၅

(၁၅) တံခါပန ဥဒါန်းစကားတော်နှင့် ဘုရားဂုဏ်တော်
ယင်းနှစ်မျိုး (လေးခေါက်) ၁၉

(၁၆) သစ္စာပြု ဆုတောင်းဂါထာ ပါဠိ၊ နိဿယ ၂၀

(၁၇) မဟာသွံသာရ ရုပ်ရှင်တော်မြတ်ဘုရားရှိခိုးများ
နှင့် ဆုတောင်းများ ၂၂

(၁၈) ဗုဒ္ဓ ရုပ်ပွားတော် ပူဇော်မှု တိုက်တွန်းချက် ၃၁

(၁၉) မဟာသွံသာရဆရာတော်မှ ပြန်လည်
မိန့်ကြားသော မဟာသွံသာရ ရုပ်ရှင်တော်မြတ်
သမိုင်း အကျဉ်းချုပ် ၃၄

(၂၀) မဟာသွံသာရ ရုပ်ရှင်တော်မြတ် အဓိပ္ပာယ် ၃၈

(၂၁) အနုပညာစွမ်းရုပ်ရှင်တော် ၅၂

(၂၂) အစီရင်စွမ်းရုပ်ရှင်တော် ၅၃

(၂၃) ဆင်ခံခြင်းအကြောင်း ၅၆

(၂၄) ရုပ်ရှင်တော်မြတ်ဓာတ်ပုံအစီအရင်နှင့် ကိုးကွယ်
ပူဇော်မှု ၆၂

(၂၅) 'မဟာသွံသာရ' ဂုဏ်တော်ဘွဲ့ တေးထပ်များနှင့်
'အံလောက်သွံသာ' ကဗျာ ၆၇

(၂၆) ဗုဒ္ဓ ပူဇနိယ အကျိုး ၇၁

(၂၇) MAHĀSUNSĀRA LIVING IMAGE ၇၂

(၂၈) မဟာသွံသာရ ရုပ်ရှင်တော်မြတ်ကြီးအား
ပင့်ဆောင်ပူဇော်သော အစီအစဉ် စည်းကမ်းများ ၇၄

(၂၉) မဟာသွံသာရ ဘုရားရှိခိုးနှင့် ဆုတောင်းများ ၇၈

( ၉ )

## မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အာဖေနကာဇာတင် ပူဇော်ပုံ

ဦးတိုးအောင်ချို + ဒေါ်မော်မော်လွင်၊ သားဇော်အောင်လတ်၊ ဘုန်းမြတ်ကျော်၊ မောင်တက်နိုင်၊ သမီး ဖူးပွင့်ချို နှင့် သားမောင် ညွန့်သက် မိသားစုတို့၏ အိမ်ဂေဟာ (အမှတ် ၉၀/A၊ ကမ္ဘာအေး ဘုရားလမ်း) ၌ မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီးနှင့်တကွ မိမိတို့ ကိုးကွယ် ဆည်းကပ်လျက်ရှိသော ဆင်းတုတော်အပေါင်း၊ စေတီ တော်မြတ်အပေါင်းကို ယခုအချိန်မှ စ၍ ဗုဒ္ဓါဘိသေက ဘုရားရှင် အဖြစ် အဘိသိက်မြှောက်၍ ဗုဒ္ဓပူဇနိယ မင်္ဂလာသဘင် ဆင်ယင်မှာ ဖြစ်ပါတယ်။

အဲဒီ အစီအစဉ်နောက်ဆုံးတွင် ဘုရားရှင်ကိုယ်တော်မြတ်၏ 'ဣတိပိသော ဘဂဝါ အရဟံ' အစရှိသော ကိုးပါးသောဂုဏ်တော် တို့ဖြင့် ကိုးကြိမ်၊ ကိုးခေါက်ရွတ်ဖတ်ပူဇော်ကြမှာလည်း ဖြစ်ပါတယ်။ အဲဒီလို ဂုဏ်တော်ဖြင့် ပူဇော်တဲ့အခါ ဘုရားဒါယကာ၊ ဒါယိကာမ အပေါင်း၊ အိမ်သူအိမ်သားအပေါင်း၊ ဘုရားဖူးပရိသတ်အပေါင်း တို့လည်း ဘုန်းတော်ကြီးများနှင့်အတူ ဝိုင်းဝန်းရွတ်ဆို ပူဇော်နိုင် ကြပါတယ်။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်တော်များကို ဝိုင်းဝန်း ရွတ်ဖတ်ပူဇော်ကြပါ။

ယခုအချိန်က စ၍ ဗုဒ္ဓပူဇနိယ မင်္ဂလာသဘင် ဆင်ယင် ကြပါစို့။

## မဟာပဏာမ

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(သုံးခေါက်)
( ဒီ-၂။ ၂၃၀၊ မ-၁။ ၂၃၅၊ မ-၂။ ၃၁၄၊ ၃၄၁၊ ၄၂၄၊
သံ-၁။ ၁၆၂။ အံ-၁၊ ၆၇-၈၊ အံ-၂။ ၂၀၈)

## အနေကဇာတိ ဂါထာ

၂။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ၊
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ (သုံးခေါက်)
(ဓမ္မ၊ ၁၅၃၊ ၁၅၄)

## ပဋိစ္စ သမုပ္ပါဒ် အနုလောမ

၃။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊
သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊
ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊
ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ
ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ၊ ဒေါမနဿုပါယာသာ
သမ္ဘဝန္တိ ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ။

## ဥဒါန်းဂါထာ

၄။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

## ပဋိစ္စ သမုပ္ပါဒ် ပဋိလောမ

၅။ အဝိဇ္ဇာယ တွေ့ဝ အသေသ၊
ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊
ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊
နာမရူပ နိရောဓာ သဠာယတန နိရောဓော၊
သဠာယတန နိရောဓာ ဖဿ နိရောဓော၊
ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊
ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊
ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊
ဘဝ နိရောဓာ ဇာတိ နိရောဓော၊
ဇာတိ နိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ၊ ဧဝ မေ တဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဥဒါန်းပါဌ

၆။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမ

၇။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယ တွေ့ဝ အသေသ၊ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိဂရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဥဒါန်းဂါထာ

၈။ ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တ လိက္ခန္တိ။
(ဥဒါန -၇၇၊ ၇၈၊ ၇၉၊ ဝိ-၃၊ ၂။)

## ပစ္စယုဒ္ဒေသပါဠိ

၉။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတပစ္စယော၊ အညမည ပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

## အဘိတ္ထဝ ပတ္တနာ ဂါထာများ

၁၀။ – ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝ မေဝ ဇယောဟောတု၊ ဇယဿု ဇယမင်္ဂလေ၊
– အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ၊

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု၊
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ၊
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊(အံ-၁၊ ၂၉၉)
- တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ၊
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
(သုံးခေါက်)

## ကျူးရင့်ရန်
(တစ်ပါးတည်းဆို)

တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော
ကတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။
တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ တဿ ခေါ ပန
ဘောတော ဂေါတမဿ။

ထို အရှင် ဂေါတမ၏ ( = ဂေါတမ ခေါ် အနွယ်တော်ဖြင့် ထင်ပေါ်ကျော်ကြား ထိုရှင်တော် မြတ်ဘုရား၏)။ ဧဝံ = ဤသို့ (ဝါ-ဤဆိုအပ်လတ္တံ့သောနည်းဖြင့်)။ ကလျာဏော = ကောင်းသော (ဝါ-ကောင်းခြင်းဂုဏ်နှင့် လောက်ကော်လုံ ပြည့်စုံတော်မူသော)။ကိတ္တိ သဒ္ဒေါ = ချီးမွမ်းအံ့ဩ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂတော = မဆံ ဘဝဂ်လွှမ်းမိုးပျံ့နှံ့၍ တက်ခဲ့ပါပေ၏။

( ၁၅ )

## ဘုရားဂုဏ်တော် ကိုးပါးပါဠိ

၁၃။ (စုပေါင်းဆို) ဣတိပိ သော ဘဂဝါ

( ၁ + ၂ ) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ

( ၃ ) ဝိဇ္ဇာစရဏ သမ္ပန္နော

( ၄ + ၅ ) သုဂတော၊ လောကဝိဒူ

( ၆ ) အနုတ္တရော ပုရိသ ဒမ္မသာရထိ

( ၇ ) သတ္ထာ ဒေဝ မနုဿာနံ

( ၈ + ၉ ) ဗုဒ္ဓေါ၊ ဘဂဝါတိ။

အထက်ပါ နှစ်မျိုးကို (ငါးခေါက် ဆက်တိုက်ရွတ်ပါ)။

## ဗုဒ္ဓဖြစ်စဉ် အကျဉ်းချုပ် သရုပ်ဖော် စကားပြေ

၁၄။ တို့ဘုရားအလောင်းတော်ကြီးဟာ ဟို ဟိမဝန္တာတောင်ရဲ့ အနောက်ဘက်တောင်ခြေမှာ ရှိတဲ့ 'ကပိလဝတ်' ဆိုတဲ့ နေပြည်တော်ကြီးမှာ 'သိဒ္ဓတ္ထ' မင်းသားအဖြစ်နှင့် ရွှေနန်းစည်းစိမ်တွေကို သူမတူအောင် ခံစားပျော်ပါးနေရာက ဥယျာဉ်တော် ထွက်ကြွရင်း သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ မမြင်ဖူးတဲ့ နိမိတ်ထူးလေးပါးမြင်လို့ ထိတ်လန့်တုန်လှုပ်တဲ့ သံဝေဂဉာဏ် ထင်မြင်လာတဲ့အတွက်ကြောင့် တောထဲကို ထွက်ပြီး ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ဆင်းရဲပင်ပန်းစွာ ကျင့်ကြံအားထုတ်တော်မူတယ်။

အဲဒီလို ကျင့်ကြံအားထုတ်တော်မူပြီးနောက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရောက်တဲ့ကာလ ပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီး 'ဘုရားမဖြစ်လျှင် ဒီပလ္လင်က မထတော့ဘူး' ဆိုတဲ့ ဆုံးဖြတ်ချက် အဓိဋ္ဌာန်ကို သန်သန်ကြီးချလို့ ထွက်သက်ဝင်သက်ကို ရှုမှတ်တဲ့ အာနပါန ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူတယ်။ ဘုရားအလောင်းတော်ကြီးရဲ့ သမာဓိတော်ဟာ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်နေခဲ့တယ်။ နံနက်မိုးသောက် ယခုလို အလင်း ရောက်ရင်ဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရလို့ ကေန်စင်စစ် ဘုရား ဖြစ်တော်မူတော့မယ်။

အဲဒီအခါမှာ မာရ်နတ်မင်းနှင့် တစ်သင်းဗိုလ်ပါတွေက 'ဘုရားမဖြစ်အောင် သမာဓိပျက်အောင်' ဆိုပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့အဆင်းသဏ္ဌာန်ကြီးတွေ၊ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အသံဆိုးကြီးတွေ၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အနံ့ဆိုးကြီးတွေ ပေးပြီး အမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးကြတယ်။ ဘယ်လိုပင် ဖျက်သော်လည်း တို့ဘုရားအလောင်းတော်ကြီးရဲ့ သမာဓိက မပျက်ပဲနှင့် ရင့်ကျက်မြဲ ရင့်ကျက်၊ မြင့်တက်မြဲ မြင့်တက် နေခဲ့တယ်။

အဲဒီအခါမှာ မာရ်နတ်မင်းနှင့် တစ်သင်းဗိုလ်ပါတွေက 'ဒီလိုသာမည ဖျက်ဆီးရုံနှင့် ဒီဘုရားအလောင်းတော်ကြီးရဲ့ သမာဓိတွေ ပျက်မှာ မဟုတ်ဘူး။ ကြောက်လန့်ပြီး ပလ္လင်ထက်က ဆင်းပြေးမှ

သာလျှင် ဒီအလောင်းတော်ကြီးရဲ့ သမာဓိတွေ ပျက်မယ်၊ ဒီတော့ ပလ္လင်ထက်က ဆင်းပြေးအောင်' ဆိုပြီး မိမိတို့ ကိုင်ဆောင်လာခဲ့တဲ့ ဓားတွေ၊ လှံတွေ၊ လေးတွေ၊ မြားတွေစတဲ့ လက်နက်မျိုးစုံတို့နှင့် အလောင်းတော်ကြီးကို ပစ်ခွင်းကြတယ်။ မာရ်နတ်မင်းနှင့် တစ်သင်းဗိုလ်ပါတွေ လက်တွင်းက ပစ်လွှတ်လိုက်စဉ် ကာလတုန်းကတော့ ဓားတွေ၊ လှံတွေ၊ လေးတွေ၊ မြားတွေ စတဲ့ လက်နက်မျိုးစုံတွေပါပဲ ဒါပေမယ့် တို့အလောင်းတော်ကြီးထံမှောက် ရောက်တဲ့ကာလကျတော့ ယခုကြဲဖြန့်တဲ့ ပန်းလေးတွေ၊ ပေါက်ပေါက်လေးတွေ၊ အမွှေးနံ့သာလေးတွေ အသွင်နဲ့ ရောက်တယ်။

ဘာကြောင့်လဲဆိုတော့ ဘုရားအလောင်းတော်ကြီးရဲ့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတော်တွေ၊ ဗောဓိဗောဓိပင်နှင့် ရွှေပလ္လင်မှာ ပွားများအားထုတ်တော်မူနေတဲ့ သမာဓိတန်ခိုးတော်တွေကြောင့် အဝိညာဏက အသက်မရှိတဲ့ ဓားတွေ၊ လှံတွေ၊ လေးတွေ၊ မြားတွေ၊ လက်နက်တွေကတောင် သဝိညာဏက အသက်ရှိတဲ့ ပုဂ္ဂိုလ်တွေ နားလည်ကြသလိုပဲ 'ငါတို့ ဓား၊ လှံ၊ လေး၊ မြား လက်နက်ဆိုတာက ကြမ်းတမ်းတဲ့ အသွင်အပြင်၊ ဘုရားအလောင်းတော်ကြီး ဆိုတာက တစ်ကိုယ်တည်း ကျင့်ကြံ ကြိုးကုတ်အားထုတ်တော်မူနေတဲ့ တစ်လောကလုံးမှာ အသိမ်မွေ့ဆုံး ပုဂ္ဂိုလ်ကြီး၊ အဲဒီအသိမ်မွေ့ဆုံးပုဂ္ဂိုလ်ကြီး ထံမှောက်သို့ ကြမ်းတမ်းတဲ့ အသွင်သဏ္ဍာန်နဲ့ ဝင်ရောက်ခြင်းဟာ မသင့်တော်ဘူး' လို့ သိမြင် နားလည်ကြသလိုပဲ။

မိမိတို့ရဲ့ ကြမ်းတမ်းတဲ့ ဓား၊ လှံ၊ လေး၊ မြား လက်နက်စတဲ့ အသွင်သဏ္ဍာန်တွေ ပယ်ဖျောက်ပြီး နူးညံ့သိမ်မွေ့တဲ့ ပန်းလေးတွေ၊ ပေါက်ပေါက်လေးတွေ၊ အမွှေးနံ့သာလေးတွေ အသွင်နှင့် ဝင်ရောက်ကြ၊ ခိုလှုံကြ၊ ပူးမြော်ကြ၊ ဦးခိုက်ကြတယ်တဲ့။ အလွန်တရာမှ အံ့ဩဖွယ်ကောင်းလှတဲ့ အလွန်ထူးဆန်းတဲ့ အဖြစ်အပျက်ကြီးတွေပါပဲ။ အဲဒီ အံ့ဩထူးဆန်းဖွယ်ကောင်းတဲ့ အဖြစ်အပျက်ကြီးတွေကို အတုယူစံနမူထားပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စား ကိုယ်ပွားထားတော်မူခဲ့တဲ့ ဆင်းတုတော်မြတ်တွေကို ယခုလို ဗုဒ္ဓ ဘိသေကဘုရားရှင်အဖြစ် 'အဘိသိက်မြောက် အနေကဇာတင်' တဲ့ အခါပန်းကလေးတွေ၊ ပေါက်ပေါက်ကလေးတွေ၊ အမွှေးနံ့သာလေးတွေ ကြဲဖြန့်ပြီး အနေကဇာ တင်ကြရတယ်။

ဒါတွင် မကသေးဘူး တို့ဘုရားရှင် ကိုယ်တော်မြတ်ကြီးမှာ အဲဒီ မာရ်နတ်မင်းနှင့် တစ်သင်းဗိုလ်ပါတွေကို အောင်မြင်ပြီးတဲ့အချိန်ကစပြီး ...

အရဟံ အတွင်းရန် အပြင်ရန်တို့ကို အောင်မြင်တော်မူတဲ့ မြတ်စွာဘုရား၊ ဤကဲ့သို့ အရဟံစတဲ့ ကိုးပါးသော ဂုဏ်တော်တွေနှင့် ပြည့်စုံလာခဲ့တယ်။ ဒါကြောင့် သက်တော်ထင်ရှားဘုရား သဗ္ဗညုတ အစစ်မှာ ရှိတဲ့ အရဟံစသော ကိုးပါးသော ဂုဏ်တော်တွေနှင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စား ကိုယ်ပွားထားတော်မူခဲ့တဲ့ ဆင်းတုတော်မြတ်တွေကို ထုံမွမ်းပြီး၊ ပုံတော်ကို ဂုဏ်တော်နှင့် ထုံမွမ်းပြီး ပုံတော်အတွင်း ဂုဏ်တော်သွင်းကြရတယ်။

တို့ဘုရားဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ဒီပုံတော်ကို ကြည့်ပြီး သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်အစစ်မှာရှိတဲ့ အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကို သိကြရမယ်။ အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကို ထိထိ မိမိ အာရုံရအောင်ပွားများကြရမယ်။ ဤကဲ့သို့ ပွားများခြင်းအားဖြင့် –

(၁) အရဟံဂုဏ် ပွားများထုံ အကုန်ဘေးရန်ပျောက်ပါသည်။

(၂) အရဟံဂုဏ် ပွားများထုံ အကုန်ချမ်းသာရောက်ပါသည်။

(၃) အရဟံဂုဏ် ပွားများထုံ အကုန်နိဗ္ဗာန် ရောက်ပါသည် – တဲ့။

ဒါကြောင့် ပုံတော်ကို ကြည့်ပြီး ဂုဏ်တော်ကို သိအောင်ပုံတော်ကို မြင်ပြီး ဂုဏ်တော်ကို ထင်အောင် ပုံတော်ကို ဂုဏ်တော်နှင့် ထုံမွမ်းပြီး ပုံတော်အတွင်း ဂုဏ်တော်သွင်းကြဦးစို့ ဂုဏ်တော်ပွားထုံကြဦးစို့။

၁၅။ တံ ခေါ် ပန

ဣတိပိသော ဘဂဝါ (လေးကြိမ် ဆက်တိုက် ရွတ်ပါ)။

## သစ္စာပြု ဆုတောင်းဂါထာ

၁၆။ မာရာရိ ဗလ ဝိဿဋ္ဌာ၊ ကုဏ္ဌာ နာနာ ဝိဓာဝုဓာ။

လဇ္ဇမာနညဝေသေန၊ ဇိန ပါဒေ နတာ တဝ၊

တေဇေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

မာရာရိ ဗလ ဝိဿဋ္ဌာ = မာရ်နတ်မင်း အစရှိသော ရန်သူတော်ခပင်းတို့သည် ရှိသမျှ ခွန်အား ဗလတို့ဖြင့် ပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာ = အထူးထူးအထွေထွေအားဖြင့် ဆန်းကြယ်အောင် ပြုလုပ်စီရင် ထားအပ်ကုန်သော။ အာဝုဓာ = ဓား၊ လှံ၊ လေး၊ မြားအစရှိကုန်သော လက်နက်တို့သည်။ ကုဏ္ဌာ = အစွမ်းတုံးကုန်သည်ဖြစ်၍။ လဇ္ဇမာနာ = ဘုရားအလောင်းတော်မြတ်ကြီး၏ ထံမှောက်သို့ ကြမ်းတမ်းသော ဓား၊ လှံ၊ လေး၊ မြားလက်နက်ဟူသော အသွင်သဏ္ဌာန်ဖြင့် ဝင်ရောက်ရမည်ကို ရှက်ကြောက်ကြ ကုန်သောကြောင့်။ အညဝေသေန = ဓား၊ လှံ၊ လေး၊ မြားလက်နက်ဟူသော အသွင်သဏ္ဌာန်မှ တစ်မျိုးတခြား တစ်ဘာသာ ဖြစ်သော ပန်းပေါက်ပေါက် အမွှေးနံ့သာတည်းဟူသော အသွင်သဏ္ဌာန်ဖြင့်။ ဇိန = အောင်တော်မူ အရှင်မြတ်ဘုရား။ တဝ = အရှင်မြတ်ဘုရား၏။ ပါဒေ = ခြေတော်အစုံတို့ကို။ နတာ = ခိုလှုံဦးခိုက်၍ ပူးမြော်ကြပါကုန်၏ အရှင်ဘုရား။

တေဇေန သစ္စဝဇ္ဇေန = ဤသို့ မာရ်နတ်မင်း အစရှိကုန်သော ရန်သူတော်ခပင်းတို့ ပစ်ခွင်းအပ်ကုန်သော ဓား၊ လှံ၊ လေး၊ မြား အစ

ရှိကုန်သော လက်နက်တို့၏ ကြမ်းတမ်းသော အသွင်သဏ္ဌာန်ကို ဖျောက်၍ ဘုရားအလောင်းတော်မြတ်ကြီး၏ ထံမှောက်သို့ နူးညံ့ သိမ်မွေ့သော ပန်း၊ ပေါက်ပေါက်၊ အမွှေးနံ့သာတည်းဟူသော အသွင် သဏ္ဌာန်ဖြင့် ဝင်ရောက်ခိုလှုံ ဖူးမြော်ဦးခိုက်ခြင်းတည်းဟူသော သစ္စာ စကားကို ဤယနေ့ (ဤအိမ်ဂေဟာ) ၌ မြွက်ဆိုရခြင်းကြောင့်။ သာဓဝေါ = (မဟာသွံသာရ ရုပ်ရှင်တော်မြတ်ကြီးကို ပင့်ဆောင် ပူဇော်ကြ၊ ဖူးမြော်ကြ၊ ဆည်းကပ်ကြ၊ ကိုးကွယ်ကြ၊ အားထားကြ ကုန်သော ဘုရားသားတော်၊ သမီးတော်အပေါင်း၊ ဆွေတော် မျိုးတော် အပေါင်း) သူတော်ကောင်းတို့သည်။ သုခိတာ = ကိုယ်စိတ်နှစ်ဖြာ ဘေး ရန်ကွာ၍ ကျန်းမာ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဝမ်းသာ လန်းဖြာခြင်း ရှိကြကုန်သည်။ ဟောန္တု = ယခုဆိုအပ်တဲ့ သစ္စာစကားနှင့် ပို့လွှတ် အပ်တဲ့ မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီ ကိုယ်ငှ ဖြစ်ကြပါစေကုန်သတည်း။

**မှတ်ချက်**

ငင်းသစ္စာပြု ဂါထာတော်ကို မိုးကြိုးလွှဲ၊ ကျည်လွှဲ ဂါထာတော် အဖြစ် လယ်တီဆရာတော်ဘုရားကြီး မိန့်မှာတော်မူ ဖူးသည်။

## မဟာသံ့ဃာရ ဘုရားရှိခိုးများ

၁၇။ အနန္တ ဂုဏာ သမ္ပန္နံ သဗ္ဗ သိဒ္ဓိ သုခါ ဝဟံ၊
ပသန္န မုခ သံ့ဃာရံ မယံ ဝန္ဒာမ သာဒရံ။

အနန္တ ဂုဏာ သမ္ပန္နံ = အဆုံးအပိုင်းအခြားမရှိသောဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူထသော။ သဗ္ဗ သိဒ္ဓိ သုခါ ဝဟံ = သိဒ္ဓိမျိုးစုံ တန်ခိုးဂုဏ်တို့ဖြင့် ခုနစ်ရက် သားသမီးတို့၏ ချမ်းသာကို ဆောင်ရွက်တော်မူထပေတတ်သော။ ပသန္န မုခံ = ချမ်းမြေ့ကြည်လင် ပြုံးရွှင်သော မျက်နှာတော်လည်း ထာဝရ ရှိတော် မူပေထသော။ သံ့ဃာရံ = မဟိဒ္ဓိသခင်၊ သိဒ္ဓိရှင်၊ ဗျာဒိတ်ရှင်၊ တန်ခိုးရှင် ဖြစ်တော် မူသော မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီးကို။ မယံ = ယုံကြည် ကိုးစားအလေးထား၍ လေးစားပူဇော် တပည့်တော်တို့သည်။ သာဒရံ = ရိုသေလေးမြတ်စွာ (ဝါ) နှစ်ထောင်းအားရစွာ၊ ဝန္ဒာမ = ရှိခိုးကန်တော့ ကြပါကုန်၏ အရှင်ဘုရား။ ဝန္ဒာမ = သွယ်ဖယောင်းခက် ဆယ်ချောင်း လက်ဖြင့် ထိပ်၌ရွက်တင်မိုး ဦးညွတ်ကျိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။ ဝန္ဒာမ = ဘေးရန်ကင်းပ လိုတိုင်းရအောင်။ ဦးချ ဝန္ဒနာ= တပည့်တော်တို့ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

မှတ်ချက်

(၁) 'ပဿန္ဒမုခံ' နေရာတွင် အစားထိုး၍ ရွတ်ဆိုရမည့် ပါဠိအနက် တို့ကိုသာ ဖော်ပြပါမည်။

(၂) ကျန်သော ပါဠိအနက်တို့မှာ အတူတူသာ ဖြစ်သည်။ ထို့ကြောင့် ရေးသားဖော်ပြခြင်း မပြုတော့ပါ။

၂။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ၊
ပုညဝဆုန သံ့သာရံ မယံ ဝန္ဒာမ သာဒရံ။

ပုညဝဆုနံ = လောကထိုထို နတ်လူဗိုလ်ကို ကုသိုလ် ကျိုးဆက် တန်ခိုးထွက်၍ တိုးတက်စေတော် မူတတ်ပေ ထသော။ သံ့သရံ .............. ကို

၃။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
လာဘဝဆုန သံ့သာရံ မယံ ဝန္ဒာမ သာဒရံ။

လာဘဝဆုနံ = ခနပြိုးဝေ လာဘ်မိုးစွေ၍ ကျိုးထွေမြင့်ခေါင် ဆင့်ဆင့်အောင်ဖို့ မြှင့်ဆောင်တော်မူ တတ်ပေထသော၊ သံ့သာရံ ................. ကို

၄။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
သုခဝဆုန သံ့သာရံ မယံ ဝန္ဒာမ သာဒရံ။

သုခဝဆုနံ = ခံစား ချမ်းသာ ငြိမ်းချမ်းသာဟု ချမ်းသာ
မျိုးပြား၊ ကျိုးတရားတို့ တိုးပွားစေတော် မူတတ်ပေ
ထသော၊ သွံ့သာရံ ................ ကို

၅။ အနန္တဂုဏာ သမ္ပန္နံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
သိရိဝဆုန သွံ့သာရံ မယံ ဝန္ဒာမ သာဒရံ။
သိရိဝဆုနံ = ကြက်သရေတိုး တက်နေမျိုးသို့ ဝေဖြိုး
မြင့်ကျော် အခွင့်လျော်အောင် ဖွင့်တော်မူတတ်ပေထသော
သွံ့သာရံ ................. ကို

၆။ အနန္တဂုဏာ သမ္ပန္နံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
တေဇဝဆုန သွံ့သာရံ မယံ ဝန္ဒာမ သာဒရံ။

တေဇဝဆုနံ = ပြိုင်လျှင်နိုင်မျိုး အပိုင်စိုး၍ တန်ခိုးတေဇော်
ဖြိုးဝေကျော်အောင် တိုးဖော်တော် မူတတ်ပေထသော
သွံ့သာရံ ................ ကို

၇။ အနန္တဂုဏာ သမ္ပန္နံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
ခေမဝဆုန သွံ့သာရံ မယံ ဝန္ဒာမ သာဒရံ။

ခေမဝဆုနံ = နှလုံးစိတ်ဝမ်း လွန်ငြိမ်းချမ်း၍ ရွှင်လန်း
ဖြိုးလျှပ် အကျိုးဓာတ်ကို တိုးမြတ်စေတော်မူတတ်ပေ
ထသော သွံ့သာရံ ................ ကို

၈။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
အာယုဝဍ္ဍန သံ့ဃာရံ မယံ ဝန္ဒာမ သာဒရံ။

အာယုဝဍ္ဍနံ = ဘဝလမ်းမှာ စခမ်းသာအောင်
ကျန်းမာအသက် အကျိုးဆက်၍ တိုးတက်စေတော်
မူတတ်ပေထသော သံ့ဃာရံ ..... ကို

၉။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
ဇယံမင်္ဂလ သံ့ဃာရံ မယံ ဝန္ဒာမ သာဒရံ။

ဇယံမင်္ဂလံ = အောင်ရာအတိတ် အောင်နိမိတ် နှင့်
အောင်ဘိသိက်သွင်း အောင်ဟိတ်ချဉ်း၍ အောင်ခြင်း
စဉ်ကာ မယှဉ်သာသည့် အောင်မင်္ဂလာ
ရှိတော်မူပေထသော သံ့ဃာရံ .................. ကို

၁၀။ အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ
ဘယသောဓန သံ့ဃာရံ မယံ ဝန္ဒာမ သာဒရံ။

ဘယသောဓနံ = ဘေးဘယာအပေါင်း ဝေးကွာရှောင်း၍
မကောင်းညစ်ဆိုး အပြစ်မျိုးကို ဖျက်ချိုး ခုတ်ထွင်
ငုတ်,မထင်အောင် သုတ်သင်တော်မူတတ်ပေထသော
သံ့ဃာရံ ...... ကို

၁၁။ ဣက္ကမိနာ ပုညကမ္မေန၊ ပစ္စုပ္ပန္နေ အနာဂတေ၊
ပူရေတွာ ပါရမီ သဗ္ဗ၊ အဂ္ဂံ သန္တံ လဘာမ ဝေ။

ဣက္ကမိနာ ပုညကမ္မေန = ဤသို့ သွံသဘာရဂုဏ် မွေးပျံ့ထုံ၍ ပြည့်စုံတင့်လျော်၊ ထွန်းပွင့်ကျော်အောင်၊ (ဖွင့်ဖော်ရိုကျိုး) လက်စုံမိုး၍ ရှိခိုးကြောင်းရာ ကောင်းမှုစေတနာကြောင့်။

မယံ = ဘေးဘယာစု ဝေးကွာမှုကို ရှေးရှု ကြည့်မျှော်၊ တပည့်တော်တို့သည်။

ပစ္စုပ္ပန္နေ = နေ့ညပွားရှုတ် များအလုပ်ဖြင့် အားထုတ်မှန်လှ၊ ပစ္စုပ္ပန်ကျကျ ယခုဘဝ၌သော်လည်းကောင်း။

အနာဂတေ = သံသရာနှုံးသွင်၊ ဆုံးမမြင်အောင် ထုံးစဥ် လှည့်ပတ် ချားရဟတ်သို့ နားရပ်မရ အနာဂတ်ကာလ နောင်ဘဝ၌ သော်လည်းကောင်း။

သဗ္ဗံ = ကြွင်းမဲ့ဥဿုံ အလုံးစုံသော။

ပါရမီ = အရိယာအပေါင်းသူတော်ကောင်းတို့ ထုံးဟောင်း ကျင့်ရိုး (၁၀)ပါး သော ပါရမီမျိုးကို။

ပူရေတွာ = ဝလေ့အကျင့် မွေ့ပျော် မြှင့်လျက် ဖြည့်ကျင့် ဆည်းပူးတော် မူပြီး၍။

အဂ္ဂံ = ဘဝသုံးထပ် ဘုံသုံးရပ်၌ အဖြစ်ဆုံး အသာဆုံး ဖြစ်သော။

သန္တံ = ရောဂါလေသာဆူဆေး အပူဘေးတို့ ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်ကို။

ဝေ = စင်စစ်ကေန် အမှန်အားဖြင့်။

လာဘဂ္ဂံ = ချုပ်ချုပ် ခိုင်ခိုင် အဟုတ်ပိုင်အောင် ဆုပ်ကိုင်ရရှိတော် မူရပါလို၏ အရှင်မြတ်ကြီးဘုရား။

## မဟာသိဝ္ဃဿာရဆူတောင်း

သိဝ္ဃဿာရော မေ မဟာနာထော၊
သိဝ္ဃဿာရော ဇယ ဒါယကော၊
သိဝ္ဃဿာရော မဟာ သက္ကာရော၊
ဒေတု မေ ဝရ မုတ္တမံ။

သိဝ္ဃဿာရော = မဟိဒ္ဓိသခင် သိဒ္ဓိရှင် ဗျာဒိတ်ရှင် တန်ခိုးရှင် ဖြစ်တော်မူသော မဟာသိဝ္ဃဿာရ ရုပ်ရှင်တော်မြတ်ကြီးသည်။ မေ= လေးမြတ်ပူဇော် တပည့်တော်၏။ မဟာနာထော = အားကိုးရာအစစ်ကြီးမားစွာ ဖြစ်တော်မူပေ၏။

သိဝ္ဃဿာရော = မဟိဒ္ဓိသခင် သိဒ္ဓိရှင် ဗျာဒိတ်ရှင် တန်ခိုးရှင် ဖြစ်တော်မူသော မဟာသိဝ္ဃဿာရ ရုပ်ရှင်တော်မြတ်ကြီးသည်။ ဇယ ဒါယကော = အောင်ပွဲအဆူဆူ အောင်မြင်မှု သရဖူကို အလွယ်တကူ ပေးတော်မူတတ်ပါပေ၏။

သံ့သာရော = မဟိဒ္ဓိ သခင် သိဒ္ဓိရှင် ဗျာဒိတ်ရှင် တန်ခိုးရှင် ဖြစ်တော်မူသော မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးသည်။ မဟာ သက္ကရော = ကြီးကျယ်များမြတ် အထပ်ထပ်လျှင် မပြတ်ကော်ရော် ဆည်းကပ်ပူဇော် ထိုက်ပါပေ၏။

သော = ထို မဟိဒ္ဓိသခင် သိဒ္ဓိရှင် တန်ခိုးရှင် ဖြစ်တော်မူသော မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးသည်။ မေ=အောင်ဆုရည်မျှော် တပည့်တော်အား။ ဥတ္တမံ = ဆထက်ကဲမွန် အမွန်အမြတ်ဖြစ်သော။ ဝရံ = အောင်မင်္ဂလာပေါင်းစု အောင်ကြောင်းဆုကို။ ဒေတု = ကရုဏာ တရား ရှုစာနာပွားး၍ ပေးသနားတော် မူပါ့ အရှင်ဘုရား။

## မဟာသံ့သာရ ဆုတောင်းများ

သံ့သာရော မေ ဇယံ ဒေတု
သံ့သာရော မေ လာဘံ ဒေတု
သံ့သာရော မေ သိဒ္ဓိံ ဒေတု
သံ့သာရော မေ တေဇံ ဒေတု
သံ့သာရော မေ ခေမံ ဒေတု
သံ့သာရော မမ ပါလေတု။

သံ့သာရော = မဟိဒ္ဓိသခင် သိဒ္ဓိရှင် ဗျာဒိတ်ရှင် တန်ခိုးရှင် ဖြစ်တော်မူသော မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးသည်။ မေ = အောင်ဆု ရည်မျှော် တပည့်တော်အား။ ဇယံ = အောင်မြင်မှု

အသွယ်သွယ်ကို။ ဒေတု = ပေးအပ်ပေးသနားတော်မူပါ အရှင်ဘုရား။ ဇယံ = အခက် အခဲကို ဖျက်ခွဲကျော်နင်း အောင်မြင်ခြင်းကို။ ဒေတု = ပေးအပ်ပေး သနားတော်မူပါ အရှင်ဘုရား။ ဇယံ = ကောင်းမြတ်သော အကြံအစည်တို့၏ ပြီးစီးထမြောက် အောင်မြင်ခြင်းကို။ ဒေတု = ပေးအပ်ပေးသနားတော်မူပါ အရှင်ဘုရား။

| | | |
|---|---|---|
| သံ့ဃသာရော | – | သည်၊ |
| မေ | – | အား၊ |
| လာဘံ | – | ကြီးမားမပြတ် စီးပွားလာဘ်ကို၊ |
| ဒေတု | – | ဘုရား။ |

| | | |
|---|---|---|
| သံ့ဃသာရော | – | သည်၊ |
| မေ | – | အား၊ |
| သိဒ္ဓိံ | – | ပိယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ အစရှိသော သိဒ္ဓိမျိုးစုံ တန်ခိုးဂုဏ်ကို |
| ဒေတု | – | ဘုရား။ |

| | | |
|---|---|---|
| သံ့ဃသာရော | – | သည်၊ |
| မေ | – | အား၊ |
| တေဇံ | – | ပြိုင်လျှင်နိုင်သော တန်ခိုးတေဇော် အာနုဘော်ကို |
| ဒေတု | – | ဘုရား။ |

သွံသာရော — သည်၊

မေ — အား၊

ခေမံ = နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပျော်ရွှင်မှုကို

ဒေတု = ပေးအပ်၊ပေးသနားတော်မူပါ့ အရှင်ဘုရား။

သွံသာရော — သည်၊

မေ — အား၊

ပါလေတု — သွားရာ၊ လာရာ၊ နေရာ၊ ထိုင်ရာ၊ လုပ်ရာ၊ ကိုင်ရာ၊ ပြောရာ၊ ဆိုရာ၊ ရောင်းရာ၊ဝယ်ရာ တို့၌ အန္တရာယ်မရှိ ဘေးမငြိပဲ ကြံတိုင်း အောင် ဆောင်တိုင်းမြောက်အောင် စောင့် ရှောက်တော်မူပါ့ အရှင်ဘုရား။

ဗုဒ္ဓဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

## ဗုဒ္ဓ ရုပ်ပွားတော် ပူဇော်မှု တိုက်တွန်းချက် ဥယျောဇဉ်

အို သပ္ပုရိသ သူတော်စင် အပေါင်းတို့

တိဘက် ဆရာတော်ကြီးနှစ်ပါးနှင့် မဟာဗြဟ္မဏ ကုလား ဆရာကြီးတို့သည် ဗုဒ္ဓ ဖဘုရား၏ ဗျာဒိတ်တော်အတိုင်း ဘူမိနက်သန် မှန်လှသော ဓိဋ္ဌာန်တော်မူသည့် မြေမှ ဖြစ်ပေါ်လာသော မဟာ သစ်ကနက်ပင် ရက္ခစေတီတော်မြတ်ကြီး၏ အနှစ်ကို ဤမဟာ

သွံ့သာရ ရုပ်ရှင် တော်မြတ်ကြီးအဖြစ် စီရင်ထုလုပ်ကြပါသည်။

ကိုးကွယ်ဆည်းကပ်ပူဇော်ကြကုန်သော သူတော်ကောင်း အပေါင်းတို့အား လောကီသိဒ္ဓိတို့ စိတ်ရှိသလောက် ခရီးပေါက်၍ ပြီးမြောက်ပွဲးပွား အကျိုးများစေခြင်းငှာလည်းကောင်း၊ ဘေးအသွယ် သွယ် အန္တရာယ်အပေါင်း မကောင်းကျိုးကို ပေးတတ်ကုန်သော ဂန္ဓဗ္ဗ နတ်မျိုး ၁၀၁-ပါး၊ ဆိုးသွမ်းကောက်ကျစ် နှိပ်စက်ရန်မူ မသူတော်စိတ် အဟိတ်တိရိစ္ဆာန်နှင့် မခြားသော လူရိုင်းလူပျက် လူဆိုးမျိုး ၁၀၁-ပါး နှင့် ကာကနီလေးဖော် ဇော်ဂနီလေးထွေ တပ္ပေသူယုတ် ဖုတ်နှင့် ပြိတ္တာ သရဲ ဘီလူး ဖမ်းစားကျူးတတ်သည့် စုန်းမျိုး ၁၀၁-ပါးတို့၏ ဘေး အပေါင်းမှ ကင်းဝေးစေခြင်းငှာ လည်းကောင်း၊ ဂြိုဟ်စီးဂြိုဟ်နင်း နဝင်း စန်းပြုတ် လဂ်ပြုတ် နိစ်ပြု ဂြိုဟ်စားဂြိုဟ်အိပ် နိမ့်ခြားဇတာ မကောင်း သော ကြမ္မာအပေါင်းတို့မှ လွတ်မြောက်စေခြင်းငှာ လည်းကောင်း။

ဤအလုံးစုံသော ဘေးအန္တရာယ် ရန်စွယ်ဟူသမျှ မြူတစ်စ မကျန် ကင်းရှင်းစေရန် ရည်သန်တော်မူပြီး ဤမဟာသွံ့သာရ ရုပ်ရှင် တော်မြတ်ကြီးကို စီမံထုလုပ်ကြပါသည်။

တစ်နည်း ရုပ်ရှင်တော်မြတ်ကြီးကို တိဘက်မူ တိဘက်ဟန် ဖြင့် လက်တော်၊ ခြေတော်၊ ကိုယ်တော်၊ ဦးခေါင်းတော်၊ မဏိတော် မှအစ လောကီပညာဖြင့် ထူးခြားစွာ စီရင်ထားပါသည်။

စီရင်ပုံမှာ ချိန်ခါ နက္ခတ် ဝင်ထွက်မှတ်ပြီး ကောင်းမြတ်သော အခါ ဂါထာမန္တာန် မကျန်မန္တရား အစားစားနှင့် ထွက်ရပ်ဆေးပေါင်း

အင်းပေါင်းအိုင်ပါ စီရင်၍ ထားပါသောကြောင့် လိုရာပြီးမြောက် သိဒ္ဓိ ပေါက်နိုင်ပါသည်။

သာဓကမှာ ဤမဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးကို ရန်ကုန်မြို့ ရုပ်ကွက်တစ်ခုမှ ၂၄–နာရီ အိမ်သို့ ပင့်ပြီး ဘုရားပူဇော်ပွဲ ကျင်းပ ပြုလုပ်၍ မိဋ္ဌာန်ရာမှာ မိမိဓိဋ္ဌာန်သည့်အတိုင်း ပြည့်စုံကြောင်း လျှောက်ထား၍ ဆရာတော် သိရှိရပါသည်။ ဤကဲ့သို့ လျှောက်ထား ကြသူများမှာ မနည်းလှပါ။

ဤကဲ့သို့ လောကီပညာ အရာရာပြီးမြောက် သိဒ္ဓိပေါက်ရုံမျှ မက လောကုတ္တရာ သိဒ္ဓိတည်းဟူသော မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ခံစား စံစားရသော သာဓကများမှာ –

မဟေသရ နတ်မင်းကြီးသည် ဟိမဝန္တာ ဟန္တာဂီရိတောင်၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဘုရားရှင်၏ ကိုယ်စား ရုပ်ထုတော် ဖန်ဆင်းပြီး ရတနာပေါင်း၏ အလယ်တွင် ထားရှိကာ ကိုးကွယ်ဆည်းကပ် အမြဲမပြတ် ကြည်ညိုပါသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရကြောင်း 'လောကီ ပညတ္တိကျမ်း' ၌ အထင်အရှား ရှိပါသည်။

ဟာရိနီ မည်သော နတ်မိဖုရားသည် ဟိမဝန္တာ – နန္ဒာဒေဝီ တောင်၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရုပ်ထုတော် ဖန်ဆင်းပြီး ပတ္တမြားအပေါင်းအစု အပေါ်တွင်တင်ကာ ဆည်းကပ် ကိုးကွယ်ကြောင်း 'ဇင်းမယ်ပဏ္ဏာသ ကျမ်း' ၌ တွေ့ရှိကြပါသည်။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးနှင့်တကွ ရဟန်းတော် ခြောက်ပါးတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ဆံတော်ခြောက်ဆူကို ရရှိထားကြကုန်၏။ ထိုဆံတော်များကို သမုဒ္ဒရာအနီး ရွာတစ်ရွာ၌ စေတီတည်ကြပြီး ဌာပနာကြသောအခါ သိကြားမင်းက အသီတိ မဟာသာဝက အပေါင်းတို့၏ ရုပ်ထု၊ ခမည်းတော် မယ်တော်တို့၏ ရုပ်ထု၊ မြတ်စွာဘုရား၏ ဆင်းတုတော်များကို ဖန်ဆင်းပြီး ဌာပနာကြောင်းကို 'ထေရီ အပါဒါန်ကျမ်း' နှင့် 'ကေသဓာတုကျမ်း' ၌ ပါရှိသည်။

ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားအား အလွန်ကြည်ညိုလှပါသောကြောင့် မြတ်စွာဘုရားအား 'အရှင်ဘုရား ဒေသစာရီ ကြွချီခဲ့ပါသော် တပည့်တော်သည် အဘယ်မှာလျှင် ကိုးကွယ် ဆည်းကပ်ရာ ရှိပါမည်နည်း' ဟုလျှောက်ရာ မြတ်စွာဘုရား ခွင့်ပြုတော်မူသောကြောင့် စန္ဒကူးနှစ်ကို မြတ်စွာဘုရား၏ ပုံတော်နှင့်တူအောင် ထုလုပ်ပြီး နန်းတော်၏ အလယ်တွင် ရတနာစုတို့၏ အပေါ်တွင် တင်ကာ ကိုးကွယ်ဆည်းကပ်ကြောင်းကို 'ဇင်းမယ်ပဏ္ဏာသ ကျမ်း' ၌ လာရှိပါသည်။

ထို့ကြောင့် 'မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီးအား ဆည်းကပ်ကိုးကွယ်ခြင်း ပြုကုန်သော သာသနာ့ ဒါယကာ၊ သာသနာ့ ဒါယိကာမ အပေါင်းတို့သည် လောကီလောကုတ် အဟုတ်တိုးပွား အကျိုးများမည် ဖြစ်ပါကြောင်း လေးနက်စွာ တိုက်တွန်းနှိုးဆော်လိုက်ရပါသည် သူတော်ကောင်းအပေါင်းတို့ –

( ၃၄ )

## ဆရာတော်အား မေးမြန်းလျှောက်ထားသဖြင့်
## မဟာသံ့ဃာရ ဆရာတော်မှ ပြန်လည်မိန့်ကြားသော
## မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ်သမိုင်း အကျဉ်းချုပ်

မြတ်စွာဘုရားသည် ခုနစ်ဝါမြောက် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည်၏ အရှေ့မျက်နှာ သရက်ဖြူပင်ရင်း၌ တိတ္ထိတို့နှင့် တန်ခိုးပြိုင်၍ ရေမီး အစုံအစုံသော တန်ခိုး ပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာ နတ်ပြည်သို့ ကြွမြန်းတော်မူသည်။ တာဝတိံသာ နတ်ပြည်၌ ဝါတွင်း သုံးလပတ်လုံး ဝါဆိုဝါကပ်ကာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော် မူပြီးနောက် သီတင်းကျွတ် လပြည့်နေ့တွင် နတ်ဗြဟ္မာ အပေါင်း ခြံရံလျက် လူတို့ပြည် သင်္ကဿနဂိုရ်မြို့သို့ ဆင်းသက်တော်မူသည်။

မြတ်စွာဘုရားသခင်ကို ဖူးမြော်ရန်နှင့် တရားတော်ကို နာကြားရန် ရောက်ရှိနေသော သုံးဆယ့်နှစ်ယူဇနာရှိ လူထု ပရိတ်သတ်ကြီးအား 'ပထဝီသုတ်'ကိုဟောပြတော်မူသည်။ 'ကုသိုလ် ကံထောက်ပံ့ ၍ လူ့ဘဝရောက်ကြကုန်သော သတ္တဝါ အပေါင်းနှင့် ကုသိုလ်ကောင်းမှု မေ့လျော့မှုကြောင့် အပါယ်ဘုံ ရောက်ကြကုန်သော သတ္တဝါအပေါင်းတို့ အရေအတွက် ကွာခြားချက်ကို လက်ပေါ်မှ ဖုံမှုန့် အစုနှင့် မဟာပထဝီ မြေကြီးမှ ဖုံမှုန့်အစု လောက်ကွာခြားကြောင်း' ဥပမာ ခိုင်းနှိုင်း ဟောသော သုတ်ဖြစ်သည်။

မြတ်စွာဘုရားသည်ပထဝီသုတ်ကို ဟောတော်မူပြီးနောက်

အမိန့်တော်မှူ၍ မြေမှုန့်များကို စွန့်ပစ်ကြချ တော်မူရာ မဟာသစ်ကနက်ပင်ကြီး ပေါက်ရောက်လာခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးသည် ထိုအပင်ကြီးကို တံတိုင်းသုံးထပ် ကာရံကာ ရက္ခစေတီတော်ကြီးအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့သည်။

မဂိုလူမျိုးတို့ အိန္ဒိယကို တိုက်ခိုက်သိမ်းယူအုပ်စိုးသောအခါ သက်သနဂိုရ်မြို့ ကြီး ပျက်စီးပြီး ကုန်းမြေအတိဖြစ်၍ မဟာသစ်ကနက် စေတီတော်မြတ်ကြီးကိုလည်း ကိုးကွယ် ဆည်းကပ်သူ မရှိ ဖြစ်ခဲ့သည်။ တန်ခိုးတော်ပြ ရောင်ခြည်တော်များကိုပင် ကြောက်လန့် ကြကာ ရှောင်ရှားကြသည်။

နောင်တွင် ရက္ခစေတီတော်ကြီးအောက်၌ ဗြဟ္မာနကုလားဆရာကြီးနှင့် တိဗက်ဘုန်းတော်ကြီး(၂)ပါးတို့ ဆုံမိကြလျှင် မဟာသမ္ဘောဓိ ရုပ်ရှင်တော်မြတ်ကြီးကို စီရင်ထုလုပ်ကြကာ တိဗက်သို့ ပင့်ဆောင် ပူဇော်ကြသည်။ တန်ခိုးကြီးမားအလွန်ထင်ရှား၍ ဒေသအသီးသီးသို့ ရွှေ့ပြောင်းပင့်ဆောင်ပူဇော်ကြရာမှ နောက်ဆုံးတွင် မြန်မာ နိုင်ငံနယ်စပ်ဒေသကို ကျော်လွန်ပြီး မြစ်ကြီးနားသို့ ရောက်ရှိခဲ့သည်။ မန္တလေး မြသိန်းတန်ဆရာတော်ကြီးက မြစ်ကြီးနားမှ မန္တလေးသို့၊ ဆရာတော် ဦးကောသလ္လ က မန္တလေး မှ ဇီးကုန်းလေးမျက်နှာသို့၊ ဆရာတော်ဦးဒိဗ္ဗ က လေးမျက်နှာမှ အင်းစိန်ဘိုကုန်း ဇေယျာသိဒ္ဓိ ကျောင်းတိုက်သို့ အဆင့်ဆင့်ပင့်၍ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ခဲ့ ကြသည်။

မေး။ ။ မဟာသံ့ဃာရရုပ်ရှင်တော်မြတ်ကြီးကို ဆန်းစစ်ဝေဖန်လျှင်တပည့်တော်တို့အတွက် အပြစ်များ ဖြစ်နေမလား။

ဖြေ။ ။ ပြစ်မှားလို ဖျက်ဆီးလို၍ အပြစ်ရှာ ဝေဖန်လျှင်တော့ မဟာသံ့ဃာရမှမဟုတ် အခြားမည်သည့်ဆင်းတုတော် မဆို အပြစ် ဖြစ်နိုင်သည်။ စိတ်ချလက်ချ ကြည်ညိုချင်၍ သဒ္ဓါတရား တိုးပွားအောင် ရိုးသားသောစေတနာဖြင့် ဆန်းစစ်ဝေဖန်လျှင်တော့ အပြစ်ဖြစ်စရာမမြင်ပါ။ မြတ်စွာဘုရားက ``သဒ္ဓါ ဗဟုလော၊ ပညာ အပ္ပကော၊ ပညာ ဗဟုလော၊ သဒ္ဓါ အပ္ပကော``ယုံကြည်မှု လွန်ကဲက၊ စူးစမ်းဆင်ခြင်မှု၊ ပိုင်းခြားဝေဖန်မှု ပညာဉာဏ်နည်းသွားတတ်သည်။ ထို့အတူ စူးစမ်း ဝေဖန်မှု သိပ်များလွန်းကလည်း ယုံကြည်မှု သဒ္ဓါတရား လျော့ပါးသွားတတ်သည်ဟု ဟောကြားထားသည်။ မြန်မာဗုဒ္ဓ ဘာသာဝင်တို့သည်ယုံကြည်မှုသဒ္ဓါလွန်ကဲတတ်ကြသည်။ထို့ကြောင့် အလိမ်အညာနဲ့ တွေ့ရခံရတတ်သည်မှာ များလှသည်။ ထို့ကြောင့် သဒ္ဓါနှင့် ပညာ၊ ယုံကြည်မှုနှင့် ဝေဖန်မှုသည် ချိန်ခွင်လျှာကဲ့သို့ ညီရမည်။ အစွန်း မရောက်သင့်။ ထို့ အပြင် မြတ်စွာဘုရားသည် ကာလမသုတ္တန်၌ ကာလာမ သတို့သားတို့အား အလွယ်တကူ လက်ခံယုံကြည်မှုကို အားမပြုသင့်ကြောင်း အချက်အလက် များစွာဖြင့်

ပောကြား ခဲ့သည်။ ထို့ကြောင့် ရိုးရိုးသားသား ဆန်းစစ် ဝေဖန်ခြင်းကို အပြစ်ဟု မမြင်ပါ။

**မေး**။ ။ ဒါဖြင့်ဘုရား (မဟာသဒ္ဒါ သဿာရ ရုပ်ရှင်တော်မြတ်) ဘွဲ့ အမည်တော်တွင် ရုပ်ရှင်တော်မြတ်မှာ ဂုဏ်ပြုထားသော မြန်မာဝေါဟာရဖြစ်၍ မြန်မာတွေက ပေးသောအမည် ဖြစ်ကြောင်း သိသာပါသည်။ 'မဟာသဒ္ဒါသဿာရ' မှာ ပါဠိ ဝေါဟာရဖြစ်၍ တိဗက်နှင့် မြန်မာ မည်သူက ပေးထား သော အမည်ဖြစ်ကြောင်း ရှင်းပြပေးပါဘုရား။

**ဖြေ**။ ။ ရှေးဟောင်းပစ္စည်းများကို သုတေသနပြု ဖော်ထုတ် ရာတွင် ကွင်းဆက်၊ သဲလွန်စ ကျန်ရှိက ဖော်ထုတ်ရ လွယ်ကူပြီး ကွင်းဆက်၊ သဲလွန်စ ရှာမရက ဖော်ထုတ်ရ မလွယ်ကူ။ 'မဟာ သဒ္ဒါသဿာရ' ပါဠိဘွဲ့ အမည်အတွက် ကွင်းဆက်၊ သဲလွန်စ မတွေ့နိုင်။ တစ်ခုဘဲ ရေးရေးတွေး ထင်စရာ ရှိသည်။

ပါဠိ အသံထွက်နှင့် ပတ်သက်လာလျှင် သီဟိုဠ်၊ အိန္ဒိယ၊ အင်္ဂလိပ် မှ စ၍ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံတွင်မှ 'သ' အသံထွက် မရှိပါ။ 'သ'အသံ အစား၊ 'စ'အသံသာ ထွက်ရှိ ကြသည်။ ဥပမာ– ''သာသနာကို စာစနာ''၊ ''သံသရာ ကို စံစရာ''၊ ''သဒ္ဒါသဿာရ ကို စဒ္ဒါစာရ'' ဟူ၍သာ ထွက်ရှိသည်။

ထူးထူးခြားခြား အားဖြင့် တိဗက်နှင့် မြန်မာမှာသာ 'သ' အသံထွက်ရှိ၍ 'သ'အသံထွက် တူညီကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် တိဗက်ကပေးသော အမည်လည်း ဖြစ်နိုင်သည်။ သို့သော် ဘွဲ့အမည်ကို မြန်မာအက္ခရာဖြင့် ရေးထိုးထားသောကြောင့် မြန်မာကပေးသော အမည်က ပို၍ ဖြစ်နိုင်သည်။

မေး။ ။ မဟာသွံသာရ အဓိပ္ပာယ်ကို အမိန့်ရှိပေးတော်မူပါ ဘုရား။

ဖြေ။ ။ 'မဟာသွံသာရ' တွင် မဟာ တစ်ပုဒ်၊ သွံ တစ်ပုဒ်၊ သာရ တစ်ပုဒ် ဖြစ်ပါသည်။ မဟာကား 'ကြီးကျယ်မြင့်မြတ်သော' ဟူ၍ အဓိပ္ပာယ် ရှိသည်။ ၎င်းအဓိပ္ပာယ်ကို လူတိုင်း သဘောပေါက် သိရှိတတ်ကြသည်။ အသိခက်သော စကားလုံးမှာ 'သွံ' ပင် ဖြစ်သည်။ သုဝဏ္ဏ မှ သုဝဏ် - သွဏ် - သွံ ဟု ဝဏ္ဏ ဝိပရိယာယ အက္ခရာ အပြောင်းအလဲ၊ အသံအပြောင်းအလဲ လုပ်ထားခြင်း သို့မဟုတ် ABBREVIATION အတိုချုံးထားခြင်း ဖြစ်သည်။ ထို့ကြောင့် 'သွံ' ၏ မူရင်းပုဒ် ဖြစ်သော သုဝဏ္ဏ၏ အနက်အဓိပ္ပာယ်ကို ယူရသည်။

သို့သော်တိုက်ရိုက်အနက်မဟုတ်၊ ဥပမာ အနက်ကို ဆောင်ယူရသည်။ 'ရွှေကဲ့သို့သော'ဟု အဓိပ္ပာယ် ရှိသည်။ အကျယ် သဘောအားဖြင့် ရွှေကို နှစ်သက်မြတ်နိုး တန်ဖိုးထားပြီး

ဆင်မြန်းသကဲ့သို့ နှစ်သက်မြတ်နိုး တန်ဖိုးထားပြီး ကိုးကွယ် ဆည်းကပ် ထိုက်သော ဟု အဓိပ္ပာယ်ရသည်။

'သာရ' နှင့် 'သာရ' အတူတူပင် မှတ်ယူ၍ သာရ 'သစ်ပင်၏ အနှစ်' ဟု အဓိပ္ပာယ် ဖွင့်နိုင်သည်။ သီရိဓမ္မာသောက မင်းကြီး တံတိုင်းသုံးထပ် ကာရံပြီး အထိမ်းအမှတ် အဖြစ် ကိုးကွယ် ထားရှိခဲ့သော 'သစ်ပင်၏အနှစ်' ဟု အဓိပ္ပာယ် ဆိုလိုသည်။ ထို့ကြောင့် မဟာသံ့သာရ ဆိုသည်မှာ ''ကြီးကျယ် မြင့်မြတ် သည် ဖြစ်၍ ရွှေကဲ့သို့ နှစ်သက်မြတ်နိုး တန်ဖိုးထားပြီး ကိုးကွယ်ဆည်းကပ်ထိုက်သော သစ်ပင်၏ အနှစ်ကို ထုလုပ် ဖန်ဆင်းထားသော ဆင်းတုတော်မြတ်ကြီး'' ဟု အဓိပ္ပာယ် အပြည့်အစုံ ရပါသည်။

**မေး**။ ။ တိဗက်ဆင်းတုတော်ကြီးဆိုသည်မှာ ဖြစ်နိုင်ပါသလား။ တိဗက်မှ မြန်မာနိုင်ငံသို့ ကြွလာသည် ဆိုသည်မှာလည်း ဖြစ်နိုင် ပါသလား၊ မိန့်ကြားပေးတော်မူပါဘုရား။

**ဖြေ**။ ။ မန္တလေး၊ မြသိမ်းတန် ဆရာတော်ကြီး ထံမှ ဇီးကုန်း လေးမျက်နှာ ဆရာတော်ဦးကောသလ္လ က ပင့်ဆောင်ခဲ့ သဖြင့်သက်တော် (၈၀) ကျော် ဆရာတော် ဦးကောသလ္လကို တွေ့ဆုံမေးမြန်း ကြည့်ခဲ့သည်။ ''တိဗက်ကိုယ်တော်ကြီး၊ တိဗက် ကိုယ်တော်ကြီး'' ဟု နာမည် ကြီးသည်က တစ်ကြောင်း၊ ဗုဒ္ဓဟူးနံ ဆင်မဲထားသဖြင့် မိမိ(ဦးကောသလ္လ)

တနင်္လာသားနှင့် (ကောလိ) ဓာတ်မိ၍ ကောလိစုတ်ကြီး ဆိုသော ဗေဒင်ကိန်းခန်းနှင့် ညီသည်ကတစ်ကြောင်းကြောင့် ပင့်ဆောင်ပူဇော်ခဲ့သည်။ အံ့ဩလောက်အောင် စုတ်လာဘ် ကောင်း၍ ဓာတ်ပွင့်ကြောင်း ကိုယ်တွေ့သိမြင်ခဲ့သည်။ ထို့ပြင် ကျေးရွာမှာထက် မြို့ကြီး ပြကြီးတွင် ပို၍ ဘုရားကြီး ဓာတ်ပွင့် နိုင်သည်က တစ်ကြောင်း၊အများ ပြည်သူကျယ်ကျယ် ပြန့်ပြန့် ကိုးကွယ် ဆည်းကပ်အကျိုးအမြတ် ထူးစေချင် သည်က တစ်ကြောင်းကြောင့် အင်းစိန်မြို့ သို့ ပင့်ဆောင် ပူဇော်ခွင့်ပြုခဲ့ကြောင်းဆရာတော်ကမိန့်ကြားခဲ့သည်။

ဆက်လက်၍ တိဗက်ဘုန်းတော်ကြီး၊ ထိုင်ဝမ်ဘုန်းတော်ကြီး စသော မဟာယနဆရာတော်များ၊ မဟာယနဒါယကာများနှင့် မြန်မာသမိုင်းဆရာအချို့၏ အဆိုအမိန့်အရ ပြောရလျှင် မဟာ သိ္ဂဿရ ဘုရားသည် ပွင့်တော်မူပြီး မြတ်စွာဘုရား၏ ဆင်းတုတော်ပုံ မဟုတ် နောင်ပွင့်တော်မူလတံ့သော အရိမေတ္တယျ ဘုရားအလောင်းတော် နတ်သား ဆင်းတုတော် ပုံ ဖြစ်သည်ဟုဆိုကြသည်။

မြန်မာနိုင်ငံ၌ရှိခဲ့သော ဆင်းတုတော်ပုံတော်မျိုးနှင့် လုံးဝ မတူ။ လက်ဝတ်/ခြေဝတ်ရတနာများ၊ အဆင်တန်ဆာ များ၊နားကင်း ပန်းတော်များ၊ ဦးခေါင်းမကိုဋ်တော် အားလုံး မြန်မာပုံသဏ္ဍာန် များ မဟုတ်ကြ။ ထို့ကြောင့်တိဗက် လက်ရာနောင်ပွင့်တော်

မူမည့် ဘုရားအလောင်းတော်ပုံ ဖြစ်နိုင်သည်။ နောင်ပွင့်တော်မူမည့် ဘုရားအလောင်းကိုမျှော်လင့်အားထား ကိုးကွယ်ကြသော ထိုင်ဝမ် ဆရာတော် နှင့် မဟာ ယနဒါယကာများက မဟာသံ့ဃာရကို ပွင့်တော်မူပြီးသော မြတ်စွာဘုရား ဆင်းတုတော်ထက် နောင်ပွင့်မည့် ဘုရားအလောင်းတော် နတ်သားအဖြစ် စွဲစွဲလန်းလန်းယုံကြည်ကာ ကိုးကွယ်မှု အားသန်ကြသည်။ တိဗက်မှ မြန်မာနိုင်ငံသို့ ကြွရောက် လာခြင်းမှာ အစပထမ၌ ဖြစ်နိုင်ပါ့ မလားဟု တွေးထင် မိသည်။

သို့သော် အင်္ဂလန် ရောက်သောအခါ လန်ဒန်မြို့ရှိ ထေရဝါဒဗုဒ္ဓဘာသာ အင်္ဂလိပ်လူမျိုး ဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့သည်။ ဘုန်းကြီးအားလုံးမှာအင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၌ (နိုးကိုယက်၍ စစ်စေးသုတ် ရွှေချ ထားသော) ယွန်းဘုရားများ ရှားပါးသွားသော်လည်း ယင်း ကျောင်းတွင် ကြီးစဉ်ငယ်လိုက်ကိုးကွယ်ထားသော ရှေးဟောင်းယွန်းဘုရားများစွာကို ဖူးတွေ့ခဲ့ရသည်။ ထို့ပြင် လန်ဒန်မြို့အနီး မြန်မာအမျိုးသားအိမ်မှ ဘုရားအနေကဇာတင် ပင့်သဖြင့် (၆)ပေ ခန့်တစ်ဆူနှင့် (၅)ပေခန့် တစ်ဆူ၊ မြန်မာနိုင်ငံမှ မတ်ရပ်သစ်သားဆင်းတုတော်ကြီးနှစ်ဆူကိုအနေကဇာတင်၍ ပဋ္ဌာန်းရွတ်ကာ ရောင်တော် ဖွင့်ပေးခဲ့ရသည်။ မေးကြည့်သော အခါ ချမ်းသာ၍မဟုတ် ဆိုင်အပြင်ဘက် အပေါက်ဝတွင် မတ်ရပ်

ထောင်ထားသဖြင့် ကိုယ်တော်ကြီး(၂)ပါး ဒုက္ခရစရိယာ ကျင့်နေ သည်ကို မမြင်ရက်၊ စိတ်မကောင်းဖြစ်၍ ကြေးကြီးပေး ဝယ်ယူပြီးပူဇော်ခြင်း ဖြစ်ကြောင်း လျှောက်ထားသည်။ ထိုင်ဝမ်ရောက်သော အခါတွင်လည်း ထိုင်ဝမ် ဘုန်းတော်ကြီးမာစတာရင် ပြတိုက်တွင် မြန်မာ ကျောက်ဆင်းတုတော်ကြီးတွေ (မေမြို့အုံ့ထူး ကံသာဘုရားကြီးလောက်အရွယ်) အလယ်ခေါင်ဘုရားမှ စ၍ ဝဲဘက်(၁၁)ဆူ၊ ယာဘက်(၁၁)ဆူ၊ တစ်ဆူနှင့် တစ်ဆူ (၆)လက်မခန့် နိမ့်ပြီး ကြီးစဉ်ငယ်လိုက် (၂၃) ဆူ ပြ ထားသည်ကို ဖူးတွေ့ခဲ့ရသည်။ ဝမ်းနည်းစရာကောင်းသည်ကတော့ မြန်မာ့စကျင်ကျောက်၊ မြန်မာ့လက်ရာဖြစ်ပါလျှက် (**Thailand image**) ထိုင်းဆင်းတုတော်ဟု အောက်ခြေတွင် အင်္ဂလိပ်စာတန်းထိုးထားခြင်းဖြစ်သည်။ ထိုစဉ်က ပေါက်ဈေးမှာ တစ်ဆူလျှင် သိန်း (၇၀) ဟုဆိုသည်။ မြန်မာနိုင်ငံဈေး မှာ သိန်း(၂၀) ခန့်သာ ရှိကြသည်။ ထိုမျှ ကြီးကျယ်များပြားသော ဆင်းတုတော်များပင် မြန်မာနိုင်ငံမှ ဝေးလံသောပင်လယ်ရပ်ခြားနိုင်ငံများသို့ ကြွချီခဲ့သေးလျှင် တိဗက်မှ မြန်မာနိုင်ငံသို့ မဟာသံ့သာရ ကြွရောက်လာခြင်းမှာ ဖြစ်နိုင်ကြောင်း သဘောပေါက်ရသည်။ မြန်မာလူမျိုးများပင် တိဗက်ကုန်းမြေမြင့်မှ ဆင်းသက်လာကြောင်း သမိုင်း အဆိုအမိန့်များ

ရှိခဲ့သည် မဟုတ်ပါလား။

## အနုပညာစွမ်းရုပ်ရှင်တော်

**မေး။** ။ ''ရုပ်ရှင်တော်မြတ်'' ဖြင့် ဂုဏ်ပြုထားခြင်း အကြောင်း (သို့မဟုတ်) 'ရုပ်ရှင်တော်' ဖြစ်ရခြင်းအကြောင်းကို အမိန့်ရှိပေးတော်မူပါဘုရား။

**ဖြေ။** ။ ရုပ်တုတစ်ခုပင်ဖြစ်သော်လည်း အသက်ဝိညာဉ် ဝင်နေသကဲ့သို့ ရှင်နေတတ်သောကြောင့် 'ရုပ်ရှင်တော်' ဟု ဆိုသည်။ ရုပ်တုများတွင် ရုပ်သေနှင့် ရုပ်ရှင်ဟု (၂)မျိုးခွဲခြားကြသည်။ အမြဲတန်း ပြုံးနေ၊ အမြဲတန်းမဲ့နေ၊ အမြဲတန်း တည်နေသဖြင့်(အသွင်အပြင်နှင့် အမူအရာ အပြောင်းအလဲ မရှိသောကြောင့်)ထိုရုပ်တုမျိုးကို ရုပ်သေဟုခေါ်နိုင်သည်။ မဟာသံ့သာရ မျက်နှာတော်ကား၊ အထူးသဖြင့်မျက်လုံး၊ နှုတ်ခမ်း၊ ပါးချိုင့်တို့ကား တစ်ချိန်နှင့် တစ်ချိန် တစ်အိမ်နှင့် တစ်အိမ် မတူတတ်ကြ၊ မဲ့လိုက်၊ ရယ်လိုက်၊ တည်လိုက် ကြည်လိုက်နှင့် အကြောင်းအားလျော်စွာ (အသွင်အပြင် ရော အမူအရာပါ အပြောင်းအလဲ ရှိနေသည်) ထို့ကြောင့် ထိုရုပ်တုမျိုးကို ရုပ်ရှင်ဟု ခေါ်နိုင်သည်။ မြတ်သောအရာ၌ 'တော်' တပ်သုံးကြသည်။

မဟာသံ့သာရ ဆင်းတုတော်မြတ်ကြီး၏ 'ရုပ်ရှင်တော်'

ဖြစ်ရခြင်းတွင် တစ်မျိုးမှာ ရှေးဟောင်းပန်းပုဆရာ၏ အံ့မခန်းသော အနုပညာစွမ်းကြောင့်ဖြစ်၍ အခြားတစ်မျိုးမှာ လျို့ဝှက်နက်နဲသောရှေးဟောင်း လောကီသိဒ္ဓိ၊ မဟိဒ္ဓိ အစီရင်တို့ကြောင့်ဖြစ်သည်။

ယေဘုယျအားဖြင့် ပန်းပုဆရာများသည် မိမိတို့ ထုလုပ်ထားသောရုပ်တု၏ လိုအပ်သောပုံ ပီပီပြင်ပြင် ပေါ်လာရေးသာ အလေးအနက်ထားကြသည်။ အသက်ဝင် ရှင်လာအောင် ဖော်ဆောင်ထုလုပ်ရေးကို တွေးပင်မတွေးမိကြ၊ မဟာသွံ့သာရထုလုပ်သော ရှေးဟောင်း ပန်းပုဆရာမှုကား မိမိထုလုပ်သော မဟာသွံ့သာရ၏ ပုံပန်းသဏ္ဍာန်နှင့်အနေအထားပါ သဘာဝကျအောင် ဂရုစိုက်ထားပြီး မျက်နှာတော်ပေါ်သို့ ကျရောက်လာမည့် Light အလင်းတန်းများ၏ အပြောင်းအလဲကို စနစ်တကျ တွက်ချက်ဖမ်းယူ၍ အလင်းရောင်ပြောင်းသည်နှင့် အမျှ မျက်နှာတော် အသွင်အပြင်/အမူအရာ လိုက်ပါ ပြောင်းလဲ အသက်ဝင် ရှင်လာအောင် ကြံဆောင်ထုလုပ်ထားခြင်းမှာ အံ့မခန်းလက်ရာပင် ဖြစ်သည်။

လူသားပန်းပုဆရာ ဟုတ်မှ ဟုတ်ပါလေစ ဟု စဉ်းစားစရာဖြစ်သည်။ ဆင် (၇) ကောင်ခံဆောင်ထားသည်။ အလယ်ကဆင်(၃)ကောင်မှာ ဆင်းတုတော် တစ်ဆူလုံး၏

အလေးချိန်ကို ထမ်းဆောင်ထားရသည်။ ထို့ကြောင့် ဝန်ပိ
နေသောပုံ နိမ့်ထားသည်။ ဘေးတစ်ဘက်တစ်ချက် ဆင်
(၂) ကောင် စီမှာ ဘေးမှ ဝိုင်းကူထိန်းပေးထား ရသော
ဆင်များဖြစ်သည်၊ ဝန်ပိမနေ။ ထို့ကြောင့် အနည်းငယ်
မြင့်တက်နေသည်။ ထို့ပြင် ဆင်းတုတော်သည် ညီညာ သော
အောက်ခံပလ္လင်စမခံတွင် ထိုင်နေရ သည်မဟုတ် ရှေ့သို့
(၂) လက်မခန့် နိမ့်ဆင်း သွားသော စမ, ခံ ပလ္လင် အစောင်း
ထက်တွင်ထိုင်နေရသည်။ ထို့ကြောင့် ခါးလေးကို ကော့မတ်
ပြီး ရင်ကလေးကိုချီထား၍ကိုယ်ကို ပလ္လင်မှ လျောကျ
မသွားအောင် ထိန်းပြီး ထိုင်နေသော ပုံမှာ လက်တွေ့
သဘာဝနှင့် ကိုက်ညီလှသည်။ မျက်နှာတော်တွင် နဖူးတော်
သည် ရှေ့သို့ ပြေပြေလေး ခုံးပြန့်၍ နားထင်မှာ ဘေးသို့
ကားသွယ်လျောဆင်း ထားသည်။ ပါးပြင်သည် မို့မို့ ပြေပြေ
လေးမှ ဘေးသို့ မသိမသာ ကားဆင်း သွား၍ အောက်သို့
လည်းသွယ်ဆင်း ထားသည်။ မျက်ခုံးမှာ သိသိသာသာ
မဟုတ်၊ ရေးရေးလေးသာ ထင်ရှိသည်။ (အလင်းရောင်
ကောင်းဝင်ရောက်လာမှထင်ထင်ရှားရှား ပေါ်ပေါက် တတ်
သည်) မျက်လုံးမှာ သုံးမြှောင့်ပုံသဏ္ဌာန် ဖြစ်၍ ဇောင်းလုံး
ထားပြီး တစ်လုံးမှာ မသိမသာ စောင်းစောင်းလေး ဖန်တီး
ထားသည်။ ညာနှုတ်ခမ်းဒေါင့်တွင် အချိုင့်လေး (အလွယ်

အားဖြင့် ပါးချိုင့်လေး) ပါရှိပြန်သည်။ အထူးအားဖြင့် မျက်ခုံး၊ မျက်လုံး၊ မျက်တောင်နှင့် ပါးချိုင့်တို့သည် အလင်းရောင်နှင့် လိုက်ဖက်ပြီး ဟန်ချက်ညီကာ မဟာသံ့သာရ မျက်နှာတော် ပုံသဏ္ဌာန်အမျိုးမျိုးကို ဖော်ဆောင်ကြသည်။

ဆက်လက်၍ ရှင်းပြပါမည် – အလင်းရောင်တွင် အမှောင်ရိပ်ရှိတ်ကပ်လျှက် ပါရှိကြသည်။ မဟာသံ့သာရ မျက်နှာတော် ရှေ့တည့်တည့်ပေါ်သို့ အလင်းရောင် သိသိ သာသာကြီး ဝင်လာလျှင် ဥပမာ–ကင်မရာ မီးအလင်းမျိုး ဝင်လာလျှင် အမှောင်ရိပ်များမှာ ထိုနေရာမှဘေးသို့ ဖယ်ခွာ သွားကြ၍ မျက်နှာတော်၏ ဘေးသို့ ကားပြန့်သွားသော အစိတ်အပိုင်းများ၊ ပါးချိုင့်များကို ဖုံးကွယ်လိုက်ကြသည်။ ထို့ကြောင့် မဟာသံ့သာရ ၏ ပကတိ ဝိုင်းဝန်းသော မျက်နှာထက်ရှည်သော မျက်နှာပုံဖြစ်သွားသည်။ စက်ဝိုင်းပုံ မျက်နှာထက် ဘဲဥပုံ မျက်နှာ ပေါ်ထင်လာသည်။ ထို့ပြင်ကြည်လင်ရွှင်ပြုံးသော မျက်နှာထက် အိုမင်းပြီး ပင်ပန်း နွမ်းနယ် နေသောအသွင် ဆောင်သွားသည်။

ထို့အတူ ရာသီဥတုအုံ့အုံ့မှိုင်းမှိုင်းဖြစ်၍ အလင်းရောင် လုံလုံလောက်လောက် မရရှိလျှင်၊ မျက်နှာတော်၏ အပြုံးဖော်ထားသော အနုစိပ် လက္ခဏာများ မပေါ်လွင်တော့၍ အိုမင်းသော၊ ပင်ပန်းနွမ်းနယ်နေသော ပုံအသွင်မျိုး ဆောင်သွားတတ်

သည်။ ထို့ကြောင့် အမှောင် မပြေးသော အလင်းရောင် ပြေပြေ ညီညီ လေးရရှိလျှင် လက္ခဏာတော်များ ပီပီပြင်ပြင် ပေါ်လာ၍ မျက်နှာတော်မှာ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ရှိလှ သည်။ အထူးအားဖြင့် မျက်လုံးအပေါ်ပိုင်း နှင့် ပါးမို့မို့ အပေါ် ပိုင်းသို့အလင်းရောင်ညှပ်ပြီး ပြေပြေလေးဝင်လာလျှင် အမှောင် ရိပ်ရှိတ်က မျက်လုံးအလယ်သို့ ရောက်ရှိ သွယ်တန်း လာပြီး မျက်တောင်သဖွယ် ဖြစ်လာသည်။ တခါတရံ အမှောင်ရိပ် ရှိတ်က လုံးဝန်းသွားပြီး မျက်နက်ဝန်းကဲ့သို့ ပေါ်လာတတ် သည်။ ထို့အတူ မျက်ခုံးလည်း သိသိသာသာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာတတ်သည်။ တဖန် ထိုအလင်းရောင်မျိုးသည် ပါးချိုင့်တွင်းသို့ မသိမသာလေး စူးဝင်နေလျှင် မျက်ခုံး၊ မျက်လုံး၊ မျက်တောင်နှင့် ပါးချိုင့်တို့ ဟန်ချက်ညီကာ စက္ခုမြွေ ချပြီး ယဲ့ယဲ့ ကလေး ပြုံးနေတတ်သည်။

အလင်းရောင်သည် ပါးချိုင့်အောက်ဖက်မှ အားအသင့် အတင့် ဖြင့် ပင့်၍ဝင်ပေးလိုက်လျှင် ပါးချိုင့်မှာ အပေါ်ဘက်သို့ ကျယ် တက်သွားပြီး မျက်နှာတော်ဝိုင်းဝိုင်းကြီး ဖြစ်ကာ ဖော်ဖော် ရွှေရွှေ ပြုံးနေတတ်သည်။ အလင်းရောင်သည် ပါးချိုင့်တွင်းသို့ (အတွင်းမှ ဘေးဖက်သို့) အလောတော်လေး ဝင်လာလျှင် ပါးချိုင့်မှာ ဘေးသို့ ကားသွား၍ မျက်နှာတော်မှာ လေးဒေါင့်ပုံ ဖြစ်ပြီး မချိုမချဉ် လှောင်ပြုံး၊ ရှက်ပြုံး သဘောမျိုး ပြုံးနေ

တတ်သည်။

ထိုသို့မဟုတ်ပဲ ပါးချိုင့်တွင်းသို့ (အတွင်းဘက်မှ ဘေးဘက်သို့) အတော်များများအား ကောင်းကောင်း ဝင်လာလျှင် ပါးချိုင့်ကြီးမှာ သိပ်ကျယ်သွား၍ ငိုတော့မလို မဲ့နေတတ်သည်။

ထို့အတူ အတည့်မျက်လုံးပေါ်သို့ ဘေးတိုက် အလင်းရောင် လင်းလင်းထင်ထင် ဝင်လာလျှင် အမှောင်ရိပ်ရှိတ်က မျက်လုံး တစ်ဘက်ခြမ်းသို့ ရွေ့ပါးသွားပြီး တခါတရံ မျက်နက်ဝန်းလေး သဖွယ်ပေါ်လာကာ အနည်းငယ် စောင်းထားသော မျက်လုံး နှင့် လိုက်ဖက်ညီသွားပြီး မဟာသွံ့သာရ မျက်လုံးများမှာ အခြား တနေရာ (သို့မဟုတ်) တစ်ဦးတစ်ယောက်သို့ စောင်းငဲ့ ကြည့်နေတတ်သည်။ မဟာသွံ့သာရ ဓာတ်ပုံများကို လက်တွေ့ လေ့လာ ကြည့်က သိနိုင်သည်။

ထို့ကြောင့် သင်သည် ရာသီဥတု အုံ့အုံ့မှိုင်းမှိုင်းရှိ၍ ညီညီ ပြေပြေအလင်းမျိုး မရသော အချိန်၌ မဟာသွံ့သာရ ဘုရားကို ဖူးမြော်ခြင်းငှါ ရောက်ရှိသွားအံ့။ မဟာသွံ့သာရ ဘုရား ၏ အိုးမင်းသော၊ အလိုမကျသော၊ ခက်ထန်သော၊ ငိုတော့မယောင် မဲ့နေသော မျက်နှာသွင်ပြင် တစ်မျိုးမျိုးကို ဖူးတွေ့ရမည်။ သင့်ဘဝင် သင့်အမြင်ဘွင်း မကြည်လင်သော အထင်နှင့်အမြင် မကိုက်ညီသော ခံစားချက်မျိုးကို ခံစား ရမည်။ သို့သော် သင်ကား ဘုရားရှိခိုး အာရုံပြု ဆုတောင်း

ပြီး၍ ဖူးမြော်မော်ကြည့်သည့် အချိန်၌ ရာသီဥတုက ပွင့်လင်းပြီးပြေညီသော အလင်းမျိုးရရှိကာ မျက်နှာတော် အနုစိပ် လက္ခဏာများ ထင်ရှားလာချိန်တို့နှင့် တိုက်ဆိုင်သွားလျှင် မဟာသမ္ဘာရ ရုပ်ရှင်တော်မြတ်ကြီးသည် သင့်အား ရင်းနှီးဖော်ရွေသောအပြုံး၊ ပီတိဖုံးသော အကြည့်နှင့် ကြည့်နေသည်ကို ဖူးတွေ့ရမည်။ ထိုအခါ သင်သည် အားရ ဝမ်းသာ၍ ကြည်နူးကျေနပ် မဆုံးသော ခံစားချက်မျိုးကို ခံစားရမည်။ အချို့မှာ စိတ်ကို မထိန်းနိုင် ဖြစ်ကာ လှိုက်လှိုက်လှဲလှဲ ရှိမောတတ်၍ အချို့မှာ ရှိုက်ကြီးတငင် ငိုကြွေးတတ်သည်။ ထို့ကြောင့် မဟာသမ္ဘာရသည် ရှုထောင့်အမျိုးမျိုးမှ ရှုကြည့်သူအမျိုးမျိုးအား အသွင်အပြင်၊အမူအရာအမျိုးမျိုးကို ဖူးတွေ့စေကာ ခံစားချက် အမျိုးမျိုးကိုပေးစွမ်းနိုင်ခဲ့သည်။ ဤသို့သော အနုပညာပန်းပုလက်ရာမျိုးကိုသင်အဘယ်မှာရှာ၍ ဖူးတွေ့ရနိုင် ပါမည်နည်း၊ ဤကား အနုပညာစွမ်းကြောင့် ရုပ်ရှင်တော် ဖြစ်နေခြင်းပင်။

## အစီရင်ခွမ်းရုပ်ရှင်တော်

**မေး။** ။ အစီရင်ခွမ်းကြောင့် 'ရုပ်ရှင်တော်' ဖြစ်ပုံကိုလည်းတပည့်တော်များ ဗဟုသုတဖြစ်အောင် မိန့်ကြားပေးပါ ဘုရား။

**ဖြေ။** ။ ပို၍ ထူးခြားသည်ကား လျှို့ဝှက်နက်နဲသော ရှေးဟောင်း လောကီသိဒ္ဓိ၊ မဟိဒ္ဓိ အစီရင်တို့ ပြီးမြောက်၍ အသက် ဝိညဉ် ရောက်ရှိလာကာ ရုပ်ရှင်တော်ဖြစ်ခြင်း၊ တန်ခိုးတော်အမျိုးမျိုး ပြနေခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာ ဘုရားနှင့် ပတ်သက်လျှင် အကြွင်းမဲ့ယုံကြည်ထား ကြသည်။ သဒ္ဓါတရား လွန်ကဲတတ် ကြသည်။ ထို့ကြောင့်စိတ် စွဲလန်း၍ ထင်ယောင် မြင်ယောင် ဖြစ်ခြင်းနှင့် မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီး တန်ခိုးတော်ပြခြင်းတို့ကို ခွဲခြားတတ် ကြရမည်။ စိတ်စွဲလန်း၍ ထင်ယောင်မြင်ယောင် ဖူးတွေ့ရခြင်း မျိုးဖြစ်က၊ ထိုပုဂ္ဂိုလ်၌

ထူးခြားသောခံစားမှု မရှိ၊ သာမန် ပကတိ အရှိအတိုင်းသာ ဖြစ်တတ်ကြသည်။ မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီး တန်ခိုးပြသည်ကို ဖူးတွေ့ ရခြင်းမျိုးဖြစ်က ထိုပုဂ္ဂိုလ်မှာ ဓာတ်လိုက်သကဲ့သို့ ခံစားရတတ်သည်။ ကြက်သီးမွေးညှင်း ထ၍ ဆတ်ဆတ်တုန်နေတတ်သည်။ ခဏတာ သတိလစ် သွားတတ်သည်။ အချို့ ကြောက်လန့် ၍လည်း အော်ဟစ် ငိုကြွေး တတ်ကြသည်။ တနည်း ဆိုရလျှင် လှိုက်လှိုက် လှဲလှဲ ဆို့ဆို့ နင့်နင့် ငိုချင်သလို ခံစားရ၍ အတန်ငယ်ကြာအောင် မပြောနိုင်,မဆိုနိုင်,ငေးငိုင်သွားတတ်သည်။ ခဏတာ လေဖြတ် ခံရခြင်းကဲ့သို့ဖြစ်သည်။ ဤကား ဝိဇ္ဇာဓာတ်လိုက်ခြင်း ပင်တည်း။

ထိုပြင်ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်မျိုး ကြုံတိုးသော်လည်းကောင်း၊ ဆုတောင်းအဓိဋ္ဌာန် အကြံအောင်လျှင် သော်လည်းကောင်း ...တိုက်ဆိုင်မှုလော၊ တကယ်လောဟု တွေးတောစရာ ဖြစ် ပြန်သည်။ တစ်ကြိမ်တစ်ခါသာ ဖြစ်၍ဤကဲ့သို့မျိုး နောက်ထပ် မဖြစ်လျှင်ကား တိုက်ဆိုင်မှု ဟုသာ ဆိုရမည်။ ဤ အဖြစ် အပျက်, ဤအကြောင်းအရာမျိုး တစ်ယောက် မဟုတ် တစ်ယောက် ထပ်ပြန်တလဲလဲ ဖြစ်လာလျှင်ကား တိုက်ဆိုင်မှု မဟုတ်တော့။

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်၏ တန်ခိုးပြမှုဟု မုချဆိုရ မည်သာ ဖြစ်သည်။ ဤကဲ့သို့အားဖြင့် မယုံကြည်သော သူများ ယုံကြည်လာအောင် မျက်မြင်ဖူးတွေ့ကြုံတွေ့ ကြရသော အကြောင်းအရာတို့မှာ များစွာ ရှိကြသည်။

ဥပမာ – ရင်မှလှိုက်ဖို၍ အသက်ရှူနေခြင်း၊

– မျက်တောင်ခတ်၍ မျက်လုံးဖွင့်ကြည့်ခြင်း၊

– ကိုင်ကြည့်လျှင် မဟာသံ့သာရ၏ အသားတော်မှာ အလွန်နူးညံ့ ပျော့ပြောင်းနေခြင်း၊

– အသံထွက်၍ စကားပြောခြင်း၊

– ရောင်ခြည်တော် အကြိမ်ကြိမ်ကွန့်မြူးခြင်း၊

– လူကိုယ်တိုင်ဓားနှင့် တအားခုတ်ခွဲတာတောင်မှ အလွန် ကွဲနိုင်ခဲသော အုန်းသီးများ ကပ်လှူထားစဉ် အချို့အသံပါ မြည်၍ အကြိမ်ကြိမ် ကွဲပွင့်ခြင်း၊

– ရုပ်ရှင်တော်ကြွလာစဉ် အချိန်အခါ မဟုတ် ပန်းများ ရုတ်တရက်ပွင့်လာခြင်း၊

– ကပ်လှူထားသော သောက်တော်ရေများ၊ သစ်သီးများ၊ ပန်းများ ကုန်ခမ်းပျောက်ကွယ် သွားခြင်း၊

- ထူးခြားသော အနံ့များမွှေးကြိုင်လာခြင်း၊
- ဆုတောင်းတော်တော်များများပြည့်ဝခြင်း၊
- အန္တရာယ်အခက် အခဲတို့မှ လွတ်ကင်းခြင်း၊
- ပင့်ဆောင်ပူဇော်ရာတွင် စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့ခြင်း စသည်တို့ ဖြစ်ပါသည်။

(ဖြစ်ရပ်အကြောင်းအရာတစ်ခုချင်းအတွက် အခြေအနေ အခွင့်အခါပေးက အသေးစိတ် တင်ပြပေးပါမည်။) **Experience is Believing** တို့ဖြစ်၍ ကိုယ်တွေ့လေ့လာ သင့်ကြသည်။ ဤကား ပန်းပုဆရာ၏ အနုပညာစွမ်း မဟုတ်တော့ လောကီသိဒ္ဓိ၊ မဟိဒ္ဓိ အစီရင်တို့၏ အစွမ်းပင်ဖြစ်သည်။

တန်ခိုးပုံပြင်များ ရှေးဟောင်းစာအုပ်မှ အဖြစ်အပျက် တစ်ခု အကြောင်းနှင့် နှိုင်းယှဉ်တင်ပြပါမည်။ ရွာတစ်ရွာတွင် ကျောင်းကြီး ဆောက်၍ ဘုန်းကြီးတင်ကိုးကွယ်ကြသည်။ တစ်ဝါပင် မကျွတ် လိုက်ရ၊ တစ်ညတွင် ဘုန်းကြီး ပျံလွန်တော်မူသွားသည်။ နောက် တစ်ပါးတင် ကိုးကွယ်လျှင်လည်း ထို့အတူ ပျံလွန်တော်မူသည်။ ဤအတိုင်းပင် ပျံလွန် တော်မူနေလျှင် ကျောင်းထိုင်ဝံ့သော ဘုန်းကြီး မရှိ ဖြစ်နေသည်။ ထိုအခါ လောကီပညာကျွမ်းကျင်သော ဆရာတော် တစ်ပါးရောက်ရှိလာပြီး ကျောင်းထိုင်သည်။ ဆရာတော်သည် ညကျလျှင် လုံးဝမအိပ်၊ လုံခြုံရာမှ ချောင်းမြောင်းနေခဲ့သည်။ တစ်ညတွင် ကျောင်းခေါင်တိုင်မှ ဘီလူး ဆင်းလာသည်ကို တွေ့သည်။

ထို့ကြောင့် နောက်တစ်နေ့ ကျောင်းခေါင်တိုင်ကို စစ်ဆေးကြည့်ရှုလျှင် ခေါင်တိုင်ထိပ်မှ ဘီလူးရုပ်ကို တွေ့ရှိ သည်။ ရှာသားများကို ခေါ်ယူမေးမြန်းသောအခါ ကျောင်းဆောက်စဉ် လက်သမားက အချိန် အား၍ ကမြင်းကြောထပြီး ကျောင်းခေါင်တိုင်၌ ဘီလူးရုပ်ထုလိုက်ခြင်း ဖြစ်သည်။ လက်သမား ကမြင်းကြောထပြီး ထုသည်ကအရေးမဟုတ်၊ သူထုချိန်၌ ဘီလူးနက္ခတ်နှင့် မိသွား၍ ထိုဘီလူးရုပ်၌ အသက်ဝင် သွားသည်။ ထို့ကြောင့် နက္ခတ်ချိန်ခါ သင့်ရောက်လာလျှင် အသက်ဝင်ပြီး ဆင်း၍စားနေခြင်းဖြစ်သည်၊ ထိုကျောင်းခေါင်တိုင်ကို ဖြတ်ထုတ်၍ ဖျက်ဆီးပစ်လိုက်မှ ဘုန်းကြီးအဆက်ဆက်သီတင်းသုံး၍ ရသွားသည်။ ဤသည်ကို ပုံပြင်အဖြစ်သာ မှတ်ထင်၍ တကယ် ဖြစ်နိုင်သည် မထင်ခဲ့။ သို့သော် မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကို တာဝန်ယူ၍ နေ့နေ့ ညည စောင့်ရှောက်ရသော အခါကျမှ ပုံပြင်မဟုတ် တကယ်ဖြစ် နိုင်ကြောင်းကို အထက်ပါ တန်ခိုးပြခြင်းများကြောင့် လက်တွေ့ မျက်တွေ့ လက်ခံ ယုံကြည်မိတော့သည်။

## ဆင်ခံခြင်း အစီအရင်

ချိန်ခါနက္ခတ်၊ ဝင်ထွက်မှတ်၍ ကောင်းမြတ်မင်္ဂလာကြုံကြိုက်ခါတွင် မဟာသံ့သာရ စီရင်ကြရာ၌ အပါအဝင် တစ်ခုသော လောကီ အစီအရင်မှာ ဆင်ခုနစ်ကောင် ခံဆောင် ထားခြင်း ဖြစ်သည်။ တနင်္ဂနွေ သားသမီးအတွက် တစ်ကောင်၊ တနင်္လာသားသမီးအတွက်

တစ်ကောင် စသဖြင့် ခုနှစ်နေ့နံ သားသမီးများအတွက် ခုနှစ်ကောင် ခံဆောင်ထား ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ကိုးကွယ် ထားခွင့် မရဘဲ ခုနှစ်နေ့နံ သားသမီး တို့ ကိုးကွယ်ဆည်းကပ် ခွင့်ရနေသော ဆင်ခံဘုရားကြီး ဖြစ်သည်။

ဆင်ခံဆောင်ထားခြင်းမှာ ဂြိုဟ်ပြေ နံပြေ ခံဆောင်ထားခြင်း ဖြစ်၍ ဂြိုဟ်၊ ဂြိုဟ်ဂဏန်း၊ ဂြိုဟ်သတ္တဝါ၊ ဂြိုဟ်သက်၊ ဗုဒ္ဓဟူးဂြိုဟ် ခံဆောင်ရခြင်းအကြောင်းနှင့် မဟာသိမ်သာရနှင့်ဆင်ခံခြင်း ဖွဲ့စည်း နိုးနွယ် ဆက်စပ်မှုအကြောင်းတို့ကို တဖက်ဖော်ပြပါ ဇယားအတိုင်း သိမှတ်ရသည်။

| ဂြိုဟ်အမည် | ဂြိုဟ်ဂဏန်း | ဂြိုဟ်သတ္တဝါ | ဂြိုဟ်သက် |
|---|---|---|---|
| တနင်္ဂနွေဂြိုဟ် | ၁ | ဂဠုန် | ၆ နှစ် |
| တနင်္လာဂြိုဟ် | ၂ | ကျား | ၁၅ နှစ် |
| အင်္ဂါဂြိုဟ် | ၃ | ခြင်္သေ့ | ၈ နှစ် |
| ဗုဒ္ဓဟူးဂြိုဟ် | ၄ | ဆင် | ၁၇ နှစ် |
| ကြာသပတေးဂြိုဟ် | ၅ | ကြွက် | ၁၉ နှစ် |
| သောကြာဂြိုဟ် | ၆ | ပူး | ၂၁ နှစ် |
| စနေဂြိုဟ် | ၇ | နဂါး | ၁၀ နှစ် |
| ရာဟုဂြိုဟ် | ၈ | ဟင်္သာ | ၁၂ နှစ် |

## ဂြိုဟ်ခွင်ချထား လက်ဝဲရစ်သွား




## အကြီးအကဲဂြိုဟ်

ဂြိုဟ်စဉ် ဂြိုဟ်ခွင်တွင် ဆင်သည် ဗုဒ္ဓဟူးဂြိုဟ်ကို ကိုယ်စားပြုသော သတ္တဝါ ဖြစ်သည်။ ထို့ကြောင့် ဆင်ခံဆောင်ထား ခြင်းသည် ဗုဒ္ဓဟူးဂြိုဟ် ခံဆောင်ထားခြင်း ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ်ကို ရွေးချယ်ခံဆောင်ခြင်းတွင် အကြောင်းထူးရှိသည်။ ဂြိုဟ်အားလုံးတို့တွင် မိမိတို့ခြယ်လှယ် စိုးပိုင်နိုင်ခွင့် သက်တမ်းများ ပိုင်းခြားပေးထားသည်။ ဥပမာ တနင်္ဂနွေဂြိုဟ်သကၠါ ခြောက်နှစ် စသည်တို့ ဖြစ်သည်။

၎င်းဂြိုဟ်သက်များကို မိမိတို့ပိုင် ဂြိုဟ်အိမ်မှ လက်ဝဲရစ်ဂြိုဟ်ခွင် အိမ်စဉ်အတိုင်း တစ်ခွင်ချင်းလှည့်လည် ရေတွက်ပါက ဗုဒ္ဓဟူးဂြိုဟ်အိမ် အရောက်တွင် ဆုံးတော့သည်။ ဥပမာ– တနင်္ဂနွေ

ဂြိုဟ်သက် ခြောက်နှစ် ကို တနင်္ဂနွေမှ စ၍ ရေတွက်လျှင် (၁) တနင်္ဂနွေ၊ (၂) သောကြာခွင်၊ (၃) ရာဟုခွင်၊ (၄) ကြာသပတေးခွင်၊ (၅) စနေခွင်၊ (၆) ဗုဒ္ဓဟူးခွင်၊ ဗုဒ္ဓဟူးအိမ်အရောက်တွင် (၆)အိမ်စေ့ရောက်သွားသည်။ ကျန်ဂြိုဟ်များ၏ ဂြိုဟ်သက် များကိုလည်း ထိုအတိုင်း လှည့်လည် ရေတွက်လျှင် ဗုဒ္ဓဟူး အိမ်တွင် ကျရောက်အဆုံးသတ် သွားကြောင်း တွေ့ရှိလိမ့်မည်။ ဤသို့ သင်္ချာသဘော အရ မိမိဂြိုဟ်အိမ်မှ လက်ဝဲရစ် ဂြိုဟ်အိမ်စဉ်အတိုင်း ရေတွက်ရာတွင် ဗုဒ္ဓဟူးဂြိုဟ်၌ ဆုံးခြင်းကို ဗုဒ္ဓဟူးဂြိုဟ်အား ဦးတိုက်ဦးခိုက်သည်ဟု ဆိုသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်သည် ဂြိုဟ်အားလုံးတို့၏ ဥက္ကဋ္ဌအကြီးအကဲဂြိုဟ်ဖြစ် နေသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ် ခံဆောင်ထားခြင်းသည် ဂြိုဟ်အားလုံး ခံဆောင် ထားခြင်းနှင့် သဘောတူညီသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်ကို ရွေးချယ်ခံ ဆောင်ထား ခြင်း ဖြစ်သည်။

## လက်ဝဲရစ် ရစ်ခြင်း

ဤတွင် ဂြိုဟ်ခွင်လှည့်လည် ရေတွက်ရာ၌ လက်ဝဲရစ် ရေတွက် ခြင်းနှင့် လက်ယာရစ်ရေတွက်ခြင်းသဘောမှာ ကွဲပြား ခြားနားသည်။ အိမ်းများတွင် တိုင်တန်း၊ ခနိ၊ ထရံ စသည်တို့ကို နှီးဖြင့် ချည်နှောင်ရာ၌ ပုံမှန်သဘာဝအားဖြင့် လက်ယာရစ်သာ တုတ်နှောင်ချည်တတ်ကြသည်။ ၎င်းကိုပြန်၍ ပြေချင်သောအခါ

လက်ဝဲရစ် ဖြေကြသည်။ ထို့ကြောင့် လက်ယာရစ်ကား အချည် လက်ဝဲရစ်ကား အဖြေဖြစ်သည်။ ယခုဂြိုဟ်သွား အစီအရင်တွင် ဂြိုဟ်ဆိုး၊ ကြမ္မာဆိုး၊ မကောင်း ဆိုးဝါးတို့၏ အချည်အနှောင်အဖွဲ့မှ ကင်းလွတ်စေချင်သော အစီအရင် ဖြစ်သည်။ ထို့ကြောင့် အဖြေသဘောဆောင်သော လက်ဝဲရစ် ကိုသာ အသုံးပြုခြင်း ဖြစ်ကြောင်း သဘောပေါက်ကြရမည်။

## မဟာသင်္ချာရေးနှင့် ဆင်ခြင်ခြင်း

ဂြိုဟ်အားလုံးကို အုပ်စုဖွဲ့လျှင် အကြမ်းအားဖြင့် အုပ်စု, နှစ်စု ရှိသည်။ တနင်္ဂနွေအုပ်စု၊ နေအုပ်စု၊ အပူအုပ်စု၊ ပါပဂြိုဟ်အုပ်စု၊ အဆိုး ဂြိုဟ်အုပ်စုနှင့် တနင်္လာအုပ်စု၊ လအုပ်စု၊ အအေးအုပ်စု၊ သောမဂြိုဟ် အုပ်စု၊ အကောင်းအုပ်စုတို့ ဖြစ်ကြသည်။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု အဆိုးဂြိုဟ်အုပ်စုများသည် လူ့ဘဝ အပြောင်းအလဲအတက်အကျ အချိုးအကွေ့များကို ဖြောင်းဆန်အောင် လုပ်တတ်ကြသည်။ ထို့ကြောင့် ဂြိုဟ်ခွင်တွင် ၎င်းတို့အား ထောင့်ချိုးများ တွင် နေရာချထား၍ ကျန်အကောင်း ဂြိုဟ်များအား မျက်နှာခွင်၌ နေရာချ ထားကြသည်။

အဆိုးထောင့်ဂြိုဟ်အုပ်စုနှင့် အကောင်းအဖြောင့်ဂြိုဟ်အုပ်စု နှစ်ခုစလုံးကို ဗုဒ္ဓဟူးဂြိုဟ်က ကိုယ်စားပြုခံဆောင်သည်။ ဗုဒ္ဓဟူးဂြိုဟ် ဆင်ခုနှစ်ကောင်က ကိုယ်စားပြုခံဆောင်သည်။ ဆင်ကား မဟာ

သွံသာရ ဘုရားအောက်၌ရှိ၍ တစ်နည်းအားဖြင့် မဟာသွံသာရ ဘုရားကား ဆင်ပေါ်တွင် တည်ရှိပါသည်။

## ဆင်ခံခြင်း အကျိုးနှစ်မျိုး




နေနံသား တစ်ဦးတစ်ယောက်သည် ဂြိုဟ်ဆိုး ကြမ္မာဆိုးနှင့် ကြုံတိုး ကျရောက်နေပါက ထိုနေနံသား၏ ဂြိုဟ်ဆိုးကို မိမိမွေးနံဆင်အား ကိုယ်စားပြုလိုက်နိုင်ပါသည်။ ထိုအခါ မွေးနံဆင်သည် မဟာသွံသာရဘုရားအောက်တွင် တည်ရှိနေ၍ ထိုဂြိုဟ်ဆိုးလည်း မဟာသွံသာရဘုရားအောက်တွင် ရောက်ရှိရပါတော့သည်။ ထို့ကြောင့် ဂြိုဟ်ဆိုးကား မဆိုးနိုင်၊ ပပျောက်နိုင်၊ သက်သာရာ ရနိုင်သည်။ ထိုအကျိုး မျှော်ကိုး၍ ဆင်ခံခြင်း တစ်ချက်ဖြစ်သည်။

ထိုအတူ နေနံသားတစ်ဦးတစ်ယောက်သည် ဂြိုဟ်ကောင်း ကြမ္မာကောင်းနှင့် အခါကောင်းကြုံပါလျက် အဆင်မပြေ အခြေအနေ မပေးပါက ထိုနေနံသား၏ ဂြိုဟ်ကောင်းကို မွေးနံဆင်အား ကိုယ်စား ပြုလိုက်နိုင်သည်။ ထိုအခါ ထိုမွေးနံဆင်ပေါ်တွင် မဟာသွံသာရဘုရား

တည်ရှိနေ၍ ထိုဂြိုဟ်ကောင်းပေါ်တွင် မဟာသံ့သာရဘုရား တည်ရှိနေခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ``အလှတွင်အယဉ်ဆင့် ချိုရာမှာ သကာလောင်း'' ဆိုသကဲ့သို့ အကောင်းပေါ် အကောင်းဆင့်ပေးလိုက်ခြင်းဖြင့် အခြေအနေ ကောင်းများ အောင်မြင်ဖြစ်ထွန်း နိုင်သည်။ ထိုအကျိုးမျှော်ကိုး၍ ဆင်ခံခြင်း တစ်ချက်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် ရှေးဟောင်းလောကီသိဒ္ဓိ မဟိဒ္ဓိပညာရှိ ကြီးများသည် ၎င်းတို့ တဖက်ကမ်းခတ် တတ်မြောက်ထားသော လောကီအတတ်ပညာရပ်များဖြင့် နောင်လူနောင်သား ခုနှစ်ရက်သား/ သမီးတို့ အတွက် ဘုရားယတြာ ဆင်ပေးခြင်း၊ ဘုရားဓာတ်ဆင်ပေး ခြင်းဖြစ်ပါသည်။ 'ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ'အောင်၊ လောကီ လောကုတ္တရာ အဟုတ်တိုးပွား အကျိုးများအောင် စီရင်ပေးခြင်း ဖြစ်၍ မဟာသံ့သာရ ရုပ်ရှင်တော်မြတ် ဘုရားကို ဉာဏ်ရှိသလို ပူဇော်နိုင်ကြပါ စေသတည်း။

(ဆက်လက်၍ ကြိုးစားလေ့လာပြီး အခါအားလျော်စွာ တင်ပြပါမည်။)

## မဟာသံ့သာရ ကျောင်းဆောင်သစ်ကြီး

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ကြွချီရာတွင် ပူဇော်လှူဒါန်းကြသော ငွေများ၊ ဆုတောင်းပြည့် အဓိဋ္ဌာန်မြောက်သဖြင့် ပြည်တွင်းပြည်ပမှ ပေးပို့လှူဒါန်းသော အလှူငွေများ၊ ရဟန်းဒါယကာ၊ ဒါယိကာမများ ထည့်ဝင်လှူဒါန်းငွေများဖြင့် အလျား ၉၉–ပေ၊အနံ

၅၄–ပေ၊ မြေအောက်တိုက်ခန်းအပါအဝင် မဟာသို့သာရ သုံးထပ်တိုက် ကျောင်းတိုက်ကြီးမှာ ပြီးစီးသွားခဲ့ပြီ ဖြစ်ပါသည်။

အဆိုပါ ကျောင်းဆောင်သစ်ကြီး ရေစက်ချပွဲ အခမ်းအနားကို (၁၆–၁–၉၄)နေ့ နံနက် (၈) နာရီတွင် အင်းစိန်မြို့ ဘိုကုန်းရပ်၊ ဧယျာသိဒ္ဓိကျောင်းတိုက်ရှိ ကျောင်းဆောင်သစ်ကြီး၌ ကျင်းပခဲ့ရာ ပြည်တွင်းမှ အလှူရှင် ဒါယကာ ဒါယိကာမများနှင့် ထိုင်ဝမ်၊ စင်္ကာပူ၊ ထိုင်းစသော နိုင်ငံခြားမှ ပုဂ္ဂိုလ်များပါ တက်ရောက်ကြည်ညိုကြပါသည်။

မဟာသို့သာရ ရုပ်ရှင်တော်မြတ်ကြီးသည် ကျောင်းဆောင်သစ်ကြီးပေါ်၌ ရက်အတန်ကြာအောင် သီတင်းသုံးစံပယ်တော်မူပြီး အနီးဝေး မြို့ရွာနယ်ပါ လာရောက်ပူဇော် ဖူးမြော်လိုသူများ၏ ပူဇော်မှုကို ခံယူခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအတွင်း မြို့နယ် ဒေသ အသီးသီးရှိ အိမ်တော်တော်များများသို့ ပင့်ဆောင်ပူဇော် ကြည်ညိုခံမှု အမြဲမပြတ်ကြွရောက်လျက် ရှိနေပါသည်။

ထို့ပြင် ကျောင်းဆောင်သစ်ကြီးပေါ်၌ ဓမ္မာစရိယဘုန်းတော်ကြီးများအတွက် နွေရာသီ တစ်လပြတ် မြန်မာစာနှင့် အင်္ဂလိပ်စာ အထူးသင်တန်းကို ဘုန်းတော်ကြီး သင်တန်းသား ၁၀၈–ပါးက (၂၅–၄–၉၄) ရက်နေ့မှ (၂၂–၅–၉၄)ရက်နေ့ အထိ လည်းကောင်း၊ ဒုတိယအကြိမ် နွေရာသီ တစ်လပြတ် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ အထူးသင်တန်းကို (၁၈–၄–၉၇) ရက်နေ့မှ (၂၀–၅–၉၇) ရက်နေ့ အထိ သင်တန်းသားအဖြစ် ဓမ္မာစရိယ အပါး ၁၃၂ ပါးကို လည်းကောင်း၊ တတိယအကြိမ် နွေရာသီ တစ်လပြတ် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ သင်တန်းကို (၁၉–၄–၉၈) မှ (၂၁–၅–၉၈)အထိ ဖွင့်လှစ်ခဲ့ပြီး [illegible] တော် [illegible] ပါး [illegible] သည်။

( ၆၂ )

## မဟာသွံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီး ဓာတ်ပုံတော် အစီအရင်နှင့် ကိုးကွယ်မှု

### အစစ်အမှန် ခွဲခြားပြ၍ တောင်းဆုမြန်စွာ
### အောင်ကြောင်းသော

၁။ မဟာသွံ့ဃရ ရုပ်ရှင်တော်မြတ်၏ ပုံတော်သည် အလွယ်တကူ ရိုက်ကူးရယူထားသော ပုံမျိုးမဟုတ်။ ထူးထူးခြားခြား တန်ခိုးပြ ပြီးတော်မူစဉ် ရိုက်ယူထားသော 'ကံထိုက်၍ ရသော ပုံမျိုး" ဖြစ်သည်။ ထိုထူးခြားသော ပုံမျိုးကိုသာ ကူးယူ၍ လိုရာပြည့် ပြီးမြောက်အောင် ...

(၁) ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း။

(၂) ဂုဏ်တော်ဖြင့် အထပ်ထပ်ထုံခြင်း။

(၃) ပရိတ်မန္တာန်ရွတ် မေတ္တာပွား ဆုတောင်းခြင်း။

(၄) အင်းတော်မြတ်အသက်သွင်းခြင်း။

(၅) မဟာသိဒ္ဓိတော် အကြိမ်ကြိမ်တင်ခြင်း။

(၆) အောင်နိမိတ် ခတ်ခြင်း။

(၇) ရုပ်ရှင်တော်မြတ်နှင့် ဓာတ်ပုံများ ထုံကူး၍ အဓိဋ္ဌာန် ပြုခြင်း။

ဤခုနစ်ချက်သော အစီရင်တို့ကို ပူဇော်ကိုးကွယ်သူတို့ အကျိုးထူး စေခြင်းငှာ ဆရာတော်သည် နေ့ညမပြတ် စီမံဆောင်ရွက်ခဲ့သည်။ အကျိုးထူးများစွာ ရှိကြောင်းလည်း လျှောက်ထားကြသည်။

၂။ (က) ဘုရားစင် (သို့မဟုတ်) မြင့်မြတ် သန့်ရှင်းသောနေရာ၌ ပုံတော်ကို ကောင်းမွန်စွာ ပူဇော်ထားရမည်။ ပန်း၊ သစ်သီး၊ သောက်တော်ရေ အားလုံး (သို့မဟုတ်) တစ်ခုခု စွမ်းနိုင်သလောက် ကပ်လှူရမည်။ (အသား၊ အသွေး မကပ်လှူရ)။ အိတ်ဆောင်ပုံကိုမူ လိုအပ်သောအခါ ဆောင်ယူသွားနိုင်သည်။ ပူဇော်ပူးမြော်စဉ် ကြက်သီးထလာခြင်း၊ မွှေးကြိုင်လာခြင်း၊ ထူးထူးခြားခြား ကြားလာ၊ မြင်လာ၊ ဖြစ်လာခြင်းရှိက မကြောက်ပါနှင့်။ ထိထိ မိမိ တိတိ ကျကျ ဆုတောင်းရသည်။ ပုံတော်ဆောင်ရာ၌ မသန့်သောနေရာ ယူသွားခြင်း၊ ချထားခြင်း၊ မသန့်သောလက်များဖြင့် ကိုင်ခြင်း၊ လူတိုင်းကို ပေးကိုင်ခြင်းများကို ရှောင်ရှားသင့်သည်။

(ခ) အရဟံ၊ အရ,ဟံ၊ အ,ရဟံ ဟု အရဟံ သုံးမျိုး ကွဲအောင် ပီပီသသ ရွတ်ဆိုရသည်။ အရဟံ – လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူ (ထိုက်) သော မြတ်စွာ ဘုရား။ အရ,ဟံ–အတွင်းရန် အပြင်ရန်တို့ကို (အောင်)မြင်သော မူသော မြတ်စွာဘုရား။အရ,ဟံ–မကောင်းမှုပြုဖို့ရန် ဆိတ်ကွယ်ရာ အရပ်မရှိ၊ ဘယ်နေရာမှာမှ မကောင်းမှုမပြု။နေရာတိုင်း ကောင်းမှု ကောင်းကျိုးတွေကိုသာ (ပြု)တော်မူသော မြတ်စွာဘုရားဟု အနက် အဓိပ္ပာယ်သဘောပေါက် အာရုံပြုရသည်။ အရဟံ စိပ်ခြင်းကား မင်းစိုးရာဇာ အကြီးတို့ ချစ်မြတ်နိုးခြင်း၊ ချီးမြှောက်ခြင်း၊ အများလေး စားခြင်း စသော အကျိုးထူးကို ရနိုင်သည်။ အရ,ဟံ စိပ်ခြင်းကား ရန်အသွယ်သွယ် အန္တရာယ်နှင့် အခက်အခဲ အကျပ်အတည်းတို့ကို အောင်မြင်ကျော်လွှားနိုင်သော အကျိုးထူးကို ရနိုင်သည်။ အ,ရဟံ

စိပ်ခြင်းကား တာဝန်ကျေအောင် ထမ်းဆောင်နိုင်ခြင်း၊ အများအကျိုးကို သယ်ပိုးနိုင်ခြင်း၊ ဦးစီးဦးဆောင်ကောင်း ဖြစ်လာနိုင်ခြင်း စသော အကျိုးထူးကို ရနိုင်သည်။ တစ်မျိုးလျှင် ကိုးပတ် စုစုပေါင်း ၂၇-ပတ်၊ ၂၇-ရက် အဓိဋ္ဌာန် ပုတီးစိပ်ရသည်။ ပုတီးစိပ်ပြီးတိုင်း 'သွံသာရော မေ ဇယံ ဒေတု' ကိုးခေါက်ဆို၍ လိုရာ ကိစ္စကို တိတိ ကျကျဆုတောင်းနိုင်သည်။

(ဂ) ဇေယျာသိဒ္ဓိကျောင်းတိုက်နှင့် ရုပ်ရှင်တော်မြတ် ပင့်ဆောင်သော အိမ်များ၌သာ ပုံတော်များကို ရောင်းချပူဇော်ခွင့်ပြုသည်။ လမ်းဘေးနှင့် ဆိုင်များ၌ ရောင်းချခွင့် လုံးဝ မပြုခဲ့။ 'အင်းတော်ကို ပုံတိုစတက်ကူးပြီး ပုံတွင် ကပ်၍ ဆိုင်၌ တွဲလောင်းချိတ်ဆွဲ ရောင်းနေသော ပုံများသည် ဆရာတော် ခွင့်ပြုချက် မရပဲ 'ခိုးရိုက်ခိုးယူပုံများ' ဖြစ်သည်။ ဆရာတော်၏ အစီရင်မရှိ၊ သိဒ္ဓိ မရောက်သဖြင့် လိုရာအကျိုး မပြီးမြောက်နိုင်။ ထိုဆိုင်များမှ အတုလုပ် လိမ်ညာရောင်းသော ပုံများနှင့် ဆရာတော် စီရင်ထားသော ပုံများကို လာရောက်လဲယူခြင်း ခွင့်မပြုနိုင်။ ထို့ကြောင့် အစစ်အတု ခွဲခြားပြ၍ ပူဇော်ကိုးကွယ် ဆောင်ယူမှသာ လိုရာအကျိုး ပြီးနိုင်ကြောင်း အထူး သတိပေးလိုက်ရသည်။

ဆရာတော် ဦးကုမာရ

(ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc. (Maths.)၊

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဇေယျာသိဒ္ဓိကျောင်း၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့

( ၆၅ )

## မဟာသံဃာရ ဂုဏ်တော်ဘွဲ့ တေးထပ်

ရုပ်ရှင်တော် သံဃာရ
လွန်စွာပ ဂုဏ်ရည်
ဝဏ္ဏနာသ ထုံဝသီငယ်
ယုံယုံကြည် စိတ်ထား
ရုပ်ရုပ်တိုင်း ပူဇော်ခံသည်
သူတော်ဉာဏ် ထက်မြက်လျှင်လျား။
လူ့အကြိုက် နတ်လိုက်ပါ
အရာရာ ဆောင်ညား
အသာ အသာ အောင်သွားလို့
ခေါင်ခေါင်ဖျားဉစ္စာ။
လှုရုပ်ဝါ မူအဆင်း
လူခပင်း ချစ်ကြများစွာ၊
နိုင်မြလှ ပေါင်းသဟာငယ်
သောင်းသောင်းဖြာ ရစ်ပတ်ဝိုင်းပါလို့
ရှစ်ရပ်တိုင်း သတင်းဂုဏ်
မွှေးပျံ့ သင်းထုံ၊
သံဃာရ ဗုဒ္ဓဂုဏ်ကို
တုပ်ကွယ်ယုံ ဆည်းကပ်ကြလေး။
ဆည်းကပ်တိုင်း အကျိုးစုံသည်
တန်ခိုးဂုဏ် ကြီးမြတ်စွလေး။ ။

ဘဒ္ဒန္တ ပညာသီဟ (အဂ္ဂမဟာပဏ္ဍိတ)
မေမြို့ ရတနာမာန်အောင်ကျောင်းတိုက် ရေးသားပူဇော်၍
အဆိုတော် (ခင်စိုးဝင်း/ ..........)က သီဆို ပူဇော်သည်။

( ၆၆ )

**မဟာသုံ့သာရ ရုပ်ရှင်တော်မြတ် သမိုင်းတော်ဘွဲ့ ရှစ်ဆယ်ပေါ် ဘောဆပ်**

ခုနှစ်စီး ဆင်ပျံ မြတ်ဝယ်တင့်သည့်၊
လျှပ်နွယ်အသွင့် မိုးထက်ယံ၊
သပ္ပာယ်သနင့် ပြိုးပြက်လျှံသည်၊
တန်ခိုးနက်သန် ရှင်ဘုရား၊
မဟာသံ့သာရ ရွှေအနှစ်ပမာလို၊
ချွေသစ်မဟာ သင်းကနက်အသား
မင်းအာသောက တံတိုင်းရံကာ၊
မနှိုင်းစံသာ ကိုးကွယ်ထား။
အရိုင်းဖန်ကာ ညှိုးငယ်အားကြောင့်၊
မျိုးနွယ်ပုဏ္ဏား တိဗက်ရှင်၊
လောကီ စိမံ ထွင်းထုထား၍၊
ဆင်းတုဘုရား ရုပ်မြတ်ပေါ်လာအင်၊
တိဗက်ပြည်မှ အမြင့်သခင်သည်၊
အဆင့်ဆင့်လျှင် ကံညီမျှသည့်၊
မြန်ပြည်အကြွ နေလ ကြက္ကဒ္ဒိပမာ 'ဇေယျသိဒ္ဓိ' မှာ။
လူ့လောက၏ အကျိုးစုံဖြာသည်၊
တန်ခိုးဂုဏ်ဝါ ဖော်ညွှန်း မြင်လို့လေး။
ပူးကြသူတိုင်း အကျိုးဝေဖြာသည်၊
တန်ခိုးတေဇာ ပေါ်ထွန်းထင်ဖို့လေး။
ဗိမာန်တော်ကြီး တည်တံ့ထယ်ပြို
ပြည်မြန့်အလယ် မော်ကွန်းတင်ဒို့လေး။ ။

ဆရာတော် ဦးတိဇလောကသာရ
(စာရေးဆရာ ရဝေထွန်း၊) ရေးသား ပူဇော်၍
အဆိုတော်(သင်းသင်းမြတ်/ ....) က သီဆို ပူဇော်သည်။

( ၆၇ )

## အုံလောက် သွံ့သာ

⏭ ကောင်းမှုအလျှောက် တောင်းဆုမြောက်သည်
အုံ့လောက်သွံ့သာ အသျှင်ပါ၊

⏭ စိတ်ညာဏ်အလျှောက် ဓိဋ္ဌာန်မြောက်သည်
အုံ့လောက်သွံ့သာ အသျှင်ပါ၊

⏭ ပြုံးဟန်အလျှောက် ဘုန်းကံမြောက်သည်
အုံ့လောက်သွံ့သာ အသျှင်ပါ၊

⏭ မသိမှု့ကျော်၊ သိ့ပူဇော်လော့
သူတော်မြတ်နိုး မပြတ်ကိုးကြ
ငြိုဟ်ဆိုးကင်းပျောက် ကောင်းခြင်းရောက်မည်
အုံ့လောက်သွံ့သာ အသျှင်ပါ။ ။

ဘဒ္ဒန္တ ကုမာရ
မဟာသွံ့သာရ ဆရာတော်
(ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc. (Maths.),
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)
ဇေယျာသိဒ္ဓိကျောင်း၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့။

( ၆၇ )

## မဟာသွံ့ဃရ ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဘွဲ့ တေးထပ်

မြတ်မဟာသွံ့သာရ ဝန္ဒာရဟာ ဂုဏ်အင်
လွန်စွာပ စုံလင်သည်၊ ဘုံတစ်ခွင် အံ့ထူး
ပေါင်းတစ်စု ကောင်းမှုခြွေ တောင်းဆုတွေ ပြည့်ဝကြည်နူး
မျက်လုံးဖွင့် ပြုံးရွှင့်ရယ်၊ အုန်းပွင့်ထယ် အောင်မှူး
ဘုန်းတင့်တယ် ဆောင်ထူးကြ၊ ရောင်ကွန့်မြူး မွှေးကြိုင်
ပင့်ပူဇော် ဂွမ်းဆီထိ၊ လွှမ်းပီတိ ထိန်းစိတ်မနိုင်
ဘေးရန်ကင်း ဖန်ဆင်းပိုင်၊ ကမ္ဘာချင်းတိုင် ဂုဏ်ကျော်တိုးလို့
ပုံတော်တန်ခိုး ဖြန့်လက်ဝေ၊ မြန့်ကျက်သရေ
ခုနစ်ရက်သားသမီး၊ ကိန်းခန်းပြေတယ်၊ ငြိမ်းချမ်းသာစေ
ကယ်မ ရှင်ဘုရားလေး။ ။

ဘဒ္ဒန္တ ကုမာရ
(ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc. (Maths.)၊
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)

အဆိုတော် (တင်တင်မြ/ ........) သီဆိုပူဇော်သည်။

( ၆၉ )

## ဗုဒ္ဓပူဇနိယ အကျိုး

၁။ သဗ္ဗတ္ထ ပူဇိတော ဟောမိ၊
တိက္ခပညော ဘဝါမဟံ၊
သဗ္ဗေ ဒေဝါ ပီဟာယန္တိ၊
**အမိတ ဘောဂံ လဘာ မဟံ။**

၂။ သုဝဏ္ဏ ဝဏ္ဏော သဗ္ဗတ္ထ၊
ပဋိကန္တော ဘဝါမဟံ၊
မိတ္တာနံ အစလော ဟောတိ
ယသော အဗ္ဘုဂ္ဂတော မမံ။

(ထေရပါဒါန်)

ဗုဒ္ဓရှင်တော်မြတ်အား ပူဇော်ကိုးကွယ်ကြသူများသည် -

(၁) ဘဝတိုင်းမှာ ပူဇော်ခံရခြင်း။

(၂) အကြံ၊ ဉာဏ်၊ ပညာထက်မြက် လျင်မြန်ခြင်း။

(၃) နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ ချစ်ခင်ခြင်း။

(၄) တိုင်းတာ နှိုင်းဆ မရအောင် စည်းစိမ်ချမ်းသာ ရရှိ ပိုင်ဆိုင်ခြင်း။

(၅) ရုပ်ရည်အဆင်း၊ ကျော့ရှင်းလှပ တင့်တယ်ခြင်း။

(၆) လူအများ လေးစား ချစ်ခင်ခြင်း။

(၇) မိတ်ကောင်း ဆွေကောင်း ပေါင်းမိ ခိုင်မြဲခြင်း။

(၈) ဂုဏ်သတင်း ပျံ့နှံ့ ကျော်စောခြင်း။

ဤအကျိုးထူး ရှစ်မျိုးကို ရရှိနိုင်ကြပါသည်။

# MAHĀSUNSĀRA
# LIVING IMAGE

This is an ancient image of the Buddha. It is the most miraculous of all images of the Buddha throughout the country. The image permanently resides in the **Zeyatheikdi Monastery** in **Bogon, Insein**. It has been to a great many homes in various areas in Myanmar at the hosts' request, of course and has benefited them all.

It has a large crowd of worshippers. The worshippers firmly believe that the image fulfils their legitimate wishes. It is called ***Mahāsunsāra Living Image***. **Mahāsunsāra** means it is a magnificent, worthy-of-worship image curved out of the essence of holy wood.

The Living Image is so called because its face changes both in its feature and expression. The feature assumes different geometrical patterns, for example, from tringular to rectangular etc., The different patterns have been photographed. The photographs are exhibited for study.

The expression assumes a smile, a laughter, a straight face, at different times. It may also pull a face and become sombre at times, and so on. The changes, both in its feature and expression can be interpreted as changes due to its peculiar sculpture of arranging light and reflection.

On the other hand, the image gives a great many mystic signals. They are plainly visible. They are observed when the image breathes like a living human being, when it opens eyes, even winks, or talks in languages either comprehensible or incomprehensible. It frequently gives off luminous auras. (These occur in outstanding coincidences. And they come usually in the dead of night).

Externally, in its presence fragrance comes, conconuts offered crack in a uniform pattern accompanied by a noise, all on their own, among a great many other miracles. Above all, worshippers feel all kinds of emotions in its

presence. such as ecstasy relief, escape from danger or difficulty. and peace of mind.

In sum, Mahāsunsāra Living Image is to render humankind peace and to fulfil their legitimate wishes.

*By*: BHADDANTA KUMĀRA
MAHĀSUNSĀRA SAYĀDAW
INSEIN

## မဟာသုံ့သာရရုပ်ရှင်တော်မြတ်ကြီးအား
## ပင့်ဆောင်ပူဇော်သော အစီအစဉ် စည်းကမ်းများ

(က) လိုက်နာရမည့် စည်းကမ်းများ

၁။ ပင့်ဆောင်လိုသူများသည် ဆရာတော်အား ကိုယ်တိုင်တွေ့ဆုံ လျှောက်ထား၍ ဆရာတော်၏ လက်မှတ်ဖြင့် ခွင့်ပြုချက် ရယူထားရှိရမည်။
(ကြားလူဖြင့် ပင့်ခြင်းသည် နှစ်ဖက်လုံးအတွက် အဆင်မပြေ၊ မသေချာပါ)

၂။ ပင့်ဆောင်လိုသူများသည် ယုံကြည်ချက်သဒ္ဓါတရားနှင့် ပြည့်စုံကြ၍ စည်းကမ်းအတိုင်း ဆောင်ရွက်နိုင်သူများ ဖြစ်ကြရမည်။

(ထို့ပြင်ဘုရားပင့်ခြင်းကိုအကာအကွယ်ယူ၍ မသမာသော စီးပွားရှာခြင်း၊ လုပ်ဆောင်ခြင်းများ ကင်းရှင်းရမည်)။

၃။ အိမ်များကို ဒေသစာရိကြွရ၍ ရွှေများ ပွန်းပဲ့၊ ကွဲအက်၊ ပျက်စီးခြင်းများကို ပြုပြင် မွမ်းမံ၍ ရွှေသက်န်းနှစ်စဉ် ကပ်လှူနိုင်ရေးအတွက် ပင့်ဆောင်သူများကိုယ်တိုင် ရွှေသက်န်း တစ်ဆိုင်းဖိုး လှူဒါန်းရမည်။

၄။ နယ်အဝေးမှ ပင့်ဆောင်သူများသည် ရွှေတစ်ဆိုင်းဖိုး အပြင် အသွား/အပြန် ခရီးစရိတ်များကို သင့်သလို ကျခံလှူဒါန်းရမည်။

၅။ ပင့်ဆောင်သူများသည် ရုပ်ရှင်တော်မြတ် အကြွ/အပြန်, ပင့်/ပို့ တာဝန်(၂)ရပ်လုံးကို ယူရမည်။ ရုပ်ရှင်တော်မြတ်၏ ဂုဏ်နှင့်လိုက်ဖက်သော ကားဖြင့်သာပင့်ဆောင်ရမည်။

၆။ ပင့်ဆောင်ရာတွင် ဂုဏ်သိက္ခာရှိ ဥပသကာ ၄-ယောက် ထက် မနည်း၊ ကန်တော့ပွဲ တစ်ပွဲ၊ ကြိုရန် ပန်း၊ ပေါက်ပေါက်၊ ငွေအကြွေများပါရှိရမည်။

၇။ ရုပ်ရှင်တော်မြတ် သီတင်းသုံးမည့်အခန်း၊ နေရာ၊ ပလ္လင် စသည်များ၊ သစ်သီး(၉)မျိုး၊ ပန်း (၉)မျိုး၊ သောက်တော် ရေ (၉) ခွက်တို့ကို ခမ်းနားသေသပ်သန့်ရှင်းစွာကြိုတင်, ရှင်းလင်း, ပြင်ဆင် ထားရှိရမည်။

၈။ လုံခြုံရေးအတွက် ဆိုင်ရာရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အုပ်ချုပ်ရေးပိုင်း ပုဂ္ဂိုလ်များ၏ တာဝန်ယူ ခွင့်ပြုချက် ရှိထားရမည်။ ထို့ပြင်ရပ်ရှင်တော်မြတ်ကြီးအား အနီးကပ် အချိန်ပြည့် နေ့ / ည တာဝန်ယူ စောင့်ရှောက်မည့်သူ (၁) ယောက် ရှိရမည်။

၉။ ဆရာတော်ခွင့်ပြုသော **နေ့ရက်၊ နေရပ်လိပ်စာ** အတိုင်းသာ ပင့်ဆောင်ပူဇော် ရမည်။ မိမိ သဘောအတိုင်း အခြားသော **နေ့ရက်၊ နေရပ်လိပ်စာ** များသို့ ပြောင်းရွှေ့ခြင်း၊ လဲလှယ်ခြင်း မပြုရ၊ ပြုလျှင် ပင့်ဆောင်ခွင့်ကို ပယ်ဖျက်ရမည်။

၁၀။ ပင့်ခွင့်ရသောရက်၌ ပင့်ဖြစ်, မပင့်ဖြစ်ကို အနည်းဆုံး သီတင်း တစ်ပါတ်ခန့် ကြိုတင် အကြောင်းကြား ရမည်။ အခြားသူများမိမိ မပင့်ဖြစ်သော ရက်ကိုလွှဲပြောင်းပေးလိုက်လည်း ဆရာတော်ထံ၌ အကြောင်း ကြား၍ ခွင့်ပြုချက် ယူရမည်။

၁၁။ အနေကဇာတင် ပါရှိလျှင် –

( က ) ထီးတံခွန်စသည်

( ခ ) အောင်သပြေ

( ဂ ) ပန်းပေါက်ပေါက်နှင့် ငွေအကြွေ

( ဃ ) အမွှေးနံ့သာမျိုးများ စီစဉ်ထားရှိရမည်။

## (ခ) ရှောင်ရမည့်စည်းကမ်းများ

၁။ ပုတီး၊ ဓာတ်လုံး၊ လက်ဖွဲ့၊ အင်း၊ လက်စွပ်၊ ဆွဲကြိုး စသည်တို့ကို ရုပ်ရှင်တော်မြတ်ကြီး၏ လက်စသည် ပေါ်သို့ ထည့်ခြင်း၊ တင်ခြင်း၊ ချိတ်ဆွဲခြင်း မပြုရ။

၂။ လက်၊ လက်ကိုင်ပုဝါ၊ ဆံပင် စသည်တို့ဖြင့် ပွတ် တိုက်ခြင်း၊ ပွေ့ဖက်ခြင်း၊ ပွတ်သတ်ကိုင်တွယ်ခြင်း၊ လက်ညှိုးထိုးခြင်းများ မပြုရ။

၃။ ရေသပ္ပာယ်ခြင်း၊ ရေမွှေးဖြန်းခြင်း၊ နံ့သာပက်ခြင်း၊ အမွှေးတိုင်ထွန်းခြင်း၊ ဆီမီးထွန်းခြင်း မပြုရ။ (လျှပ်စစ်မီးဖြင့် ပူဇော်နိုင်သည်)

၄။ အသွေး၊ အသား၊ အသွေးအသားနှင့် ပြုလုပ်ထား သောမုန့်၊ ဆွမ်း၊ အာဟာရ စသည်များကို မကပ် လှူရ။ (သစ်သီးသာ ခွင့်ပြုပါသည်။)

၅။ ရုပ်ရှင်တော်မြတ်ကြီး၏ ရှေ့မှောက်တွင် စားသောက် သည့်ခံ၊ ဆူညံစွာ ပြောဆိုခြင်း မပြုရ။ (ဖူးမျှော်၊ ဝတ်ပြုသူများနှင့် ရုပ်ရှင်တော်မြတ်ကြီးကို ဂရုဂါဝရ ပြုရမည်)

၆။ မြသပိတ်၌ ဘုရားဖူးများလှူဒါန်းငွေများကို ညှော်ခံ စရိတ်နှင့် အထွေထွေအသုံး စရိတ်များ စသည်တို့ မပြုလုပ်ရ။

၇။ မဟာသွံဃာရ ရုပ်ရှင်တော်မြတ် တစ်ဆူတည်း စည်းကမ်းတကျ ပင့်ဆောင် ပူဇော်ခြင်းကိုသာ ခွင့်ပြုသောကြောင့် အခြားပူဇော်မှုများ၊ အခြား အခမ်းအနားများဖြင့် ရောနှောခြင်း မပြုရ။

ဘဒ္ဒန္တ ကုမာရ
(ပထမကျော်, ဓမ္မာစရိယ, B.Sc. (Maths.)
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)
မဟာသွံဃာရ ဆရာတော်

## မဟာသွံဃာရ ဘုရားရှိခိုးနှင့် ဆုတောင်းများ

(၁) အနန္တဂုဏာ သမ္ပန္နံ သဗ္ဗသိဒ္ဓိ သုခါဝဟံ၊
ပသန္နမုခ သွံဃာရံ မယံ ဝန္ဒာမ သာဒရံ။

(ပါဠိအနက်ပါရှိပြီး)

(၂) သွံဃာရော မေ ဇယံ ဒေတု၊ သွံဃာရော မေ လာဘံ ဒေတု၊
သွံဃာရော မေ သိဒ္ဓိံ ဒေတု၊ သွံဃာရော မေ တေဇံ ဒေတု၊
သွံဃာရော မေ ခေမံ ဒေတု၊ သွံဃာရော မမ ပါလေတု။

(၃) မဟာသွံဃာရ ဆွမ်းတော်၊ ပန်းတော်၊ ရေတော်ကပ် ဆုတောင်း

အရဟာတာဒိ နဝဂုဏောပေတံ– အရဟံအစ ဘဂဝါအဆုံး ရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်၊ သမ္ပန္နာဂတံ–ပြည့်စုံတော်မူသော၊ နာထံ– လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူပေထသော။ ဗုဒ္ဓံ – သက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားကို ဥဒ္ဒိဿ – ရည်မှန်းထား၍။ စေတိယဿ – ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီ၊ ဥဒ္ဒိဿစေတီ လေးရပ်သော စေတီမြတ်တို့တွင် ဥဒ္ဒိဿစေတီ ဖြစ်တော်မူသော။ မဟာသံ့ဃာရာဿ – (မိမိတို့ ကိုးကွယ်ဆည်းကပ် လျှက်ရှိသော ဆင်းတုမြတ်အပေါင်း၊ ပုံတော်မြတ်အပေါင်း၊ စေတီ တော်အပေါင်းနှင့်တကွ) မဟိဒ္ဓိသခင်၊ သိဒ္ဓိရှင်၊ ဗျာဒိတ်ရှင်၊ တန်ခိုးရှင် ဖြစ်တော်မူသော မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ်ကြီးအား။ နာနဂ္ဂ ဝဏ္ဏာ ဂန္ဓ ရသ သမ္ပန္နာနိ– အထူးထူးသော မွန်မြတ်လှစွာ အဆင်း၊ အနံ့၊ အရသာတို့နှင့် ပြည့်စုံကုန်သော။ ဣမာနိ ဖလာဒိနိ–ဤသစ်သီး မျိုးစုံ၊ ပန်းမျိုးစုံ၊ သောက်တော်ရေ၊ မျက်နှာသစ်တော်ရေ၊ သုံးဆောင် တော်ရေ၊ လျှပ်စစ်မီး၊ ဆီမီးအလင်းရောင်၊ အမွှေးနံ့သာ အစရှိသည် တို့ကို။ ဒေမ– (လှူဒါန်းပါကုန်၏ အရှင်ဘုရား)[၂]။ပူဇေမ–(ပူဇော်ပါ ကုန်၏ အရှင်ဘုရား)[၂]။ ပရိဝိသာမ (ဆက်ကပ်ပါကုန်၏ အရှင်ဘုရား)[၂] ပဋိဂ္ဂဏှာတု (အလှူခံယူတော်မူပါ အရှင်ဘုရား)[၂]။ ပရိဘုဉ္ဇတု (အလို ရှိသလို ဘုဉ်းပေးသုံးဆောင်တော်မူပါအရှင်ဘုရား)[၂]။ **အဓိဝါသေတု** (သည်းခံသာယာ နှစ်သက်တော်မူပါ အရှင်ဘုရား)[၂]။

(၄) ဆုတောင်း (''ဤသို့ပြုရ မြတ်ပုညကြောင့် ဒုက္ခအပေါင်း မကောင်းရန်သူ ဆံဖြူတစ်စိ မကပ်ငြိပဲ၊ ပကတိချမ်းသာ ကပ်သုံးဖြာ ကို ဝေးစွာဖယ်ရှားနိုင်ကြပါစေကုန်သောဝ်'')

(၅) ''အဇ္ဇဟံ အာဒိကတ္တာ ကက္ကုမံအတ္တဘာဝံ ဗုဒ္ဓသ (မဟာသံ့ဃာရသ) နိယျာတေမိ၊ အာစရိယော မေ အနုဂ္ဂဟံ ကတ္တာ အန္တေ ဝါသိကော တိ မံ ဓာရေထ ပါ'' ဘုရား။

မှတ်ချက်

ဆရာတော်သည် သက်တော်ထင်ရှား မြတ်စွာဘုရားကြီးအား ရှိရှိသေသေ မြတ်မြတ်နိုးနိုး ယုယုယယ အားဖြင့် အကြိမ်ကြိမ် လျှောက်ထား ကပ်လှူသကဲ့သို့ မဟာသံ့ဃာရ ရုပ်ရှင်တော် မြတ်ကြီးအားလည်း အကြိမ်ကြိမ်လျှောက်ထား ကပ်လှူပါသည်။ ယုယုယယ မြတ်မြတ်နိုးနိုးအားဖြင့် ဘုဉ်းပေးသုံးဆောင်ချင် လာအောင် လျှောက်ထား ကပ်လှူပါသည်။ ဤကဲ့သို့ လိုက်လိုက် လှဲလှဲ ကပ်လှူကြပါကုန်။ ။